မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၃ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းအချက်အလက် နည်းပညာခေတ်၌ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး ရတနာပုံနည်းပညာမြို့ထူထောင်၍ အိုင်တီစက်မှုလုပ်ငန်းများကို ပျိုးထောင်အားပေးလျက်ရှိ လုပ်ငန်းများမြန်မြန်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကိုအကျိုးပြုနိုင်အောင် ဖိဖိစီးစီးကြိုးစားကြရန်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်လျက်ရှိသော ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ FISCA Yadanarpon Parmyanmar Co., Ltd. မှ ထုတ်လုပ်နေသော အဆင့်မြင့်ဆက်သွယ်ရေး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေးစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ Yadanarpon Cyber Hall ၌ ရတနာပုံမြို့သစ် တည်ဆောက်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ၊ အိုင်တီပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရတနာပုံ မြို့သစ်ကို မြန်မြန်ထွန်းကား စည်ပင်လာစေရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် လူနေအိမ်များကို အကွက်ကျကျ မြန်မြန်ထူထောင်နိုင်အောင် ညှိနှိုင်းဆက်စပ် လုပ်ကိုင်ဆောင်ရွက်။

13-12 (01).pmd 1 12/13/2009, 2:40 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၃ရက်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်စွမ်းအားစု သုံးရပ်ပေါင်းစည်း အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လက်တွဲထိန်းသိမ်းစောင့်ရှောက်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၂) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၁၁ရက်နေ့က ကျင်းပခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

တပ်မတော်သည် ပြည်သူ့ကြားက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်ပြီး စတင်ဖွဲ့စည်းစဉ်ကတည်းက မျိုးချစ်စိတ်ဓာတ်ကိုအခြေခံခဲ့သည်။ တပ်မတော်၏သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ် ရပ်တည်လာခဲ့သည့်မှတ်တိုင်များ အခိုင်အမာရှိခဲ့သည်။

တပ်မတော်သည် ကောင်းမြတ်သောအစဉ်အလာများနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် အစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားညီအစ်ကိုမောင်နှမသွေးချင်းများသည် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြသည်။ နယ်ချဲ့၏သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရပြီး မြန်မာနိုင်ငံတွင် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်ဆုံးရှုံးခဲ့ရသော အန္တရာယ်ကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယင်းကဲ့သို့သော သမိုင်းပေးသင်ခန်းစာများအရ ယနေ့ကာလတွင် အမျိုးသား နိုင်ငံရေးကဏ္ဍနှင့် မှန်ကန်သည့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးပေသည်။

နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ရာ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး ခိုင်မြဲနိုင်မည်ဖြစ်ပြီး နိုင်ငံ၏အချုပ်အခြာအာဏာသည်လည်း အရှည်တည်တံ့ ခိုင်ကျည်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်။ နိုင်ငံသားအားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ တစိုက်မတ်မတ်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ပေရာ ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ရန် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်စွမ်းအားသုံးရပ်သည် အစဉ်လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလုံမြို့နယ် စက်တွင်းလမ်း အမှတ်(၃၉)နေ ဒေါ်ခင်မြမိသားစုက ဦးစိန်ငွေး(ခ) ဦးကင်ဝါး(၃)နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဝေါမြို့ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

ပဲခူးတိုင်း ဝေါမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၁၀ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဝေါမြို့ ရတနာဦးခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် လှူဒါန်းလိုသောကျောင်းသားကျောင်းသူဟောင်းများသည် ရန်ကုန်မြို့တွင် ဦးတင်လှအောင် ဖုန်း-၀၉-၉၉၂၇၃၄၃၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၅၅၅၈၈၊ ဦးတင်အေး ဖုန်း-၀၉-၉၉၇၂၀၈၄၊ ဦးရွှေလှဝင်း ဖုန်း-၀၉-၅၁၀၈၈၄၁၊ ဝေါမြို့တွင် ဦးရှန်းရှန် ဖုန်း-၀၅၂-၇၅၃၁၁၊ ဦးနီဆစ် ဖုန်း-၀၅၂-၇၅၀၃၆နှင့် ဦးလှရွှေ ဖုန်း-၀၅၂-၇၅၂၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၃-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၆)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် ချစ်ခြင်း၏ လျှို့ဝှက်ချက်များ
၁၃:၃၀	၆။	ကျန်းမာသုတ
၁၃:၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား**(အပိုင်း-၅၀)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၀။	လျှပ်တစ်ပြက်
၆:၃၀	၁၁။	ဘဝကြေးမုံ ချစ်သူတို့ရဲ့သမိုင်းကြောင်း
၆:၄၅	၁၂။	ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** အပိုင်း (၂၈) (ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကျန်းမာသုတ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန် တတိယတွဲ** (အပိုင်း-၃၅)

ပင်လုံမြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော လဲချားမြို့အဝင်ဂိတ် မြေယာရှုခင်းအလှဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော် နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



အပေါ့စားမီးသတ်စက်နှင့် စကားပြောစက် ပျော်ဘွယ်တွင် ပေးအပ်လှူဒါန်း

ပျော်ဘွယ် ဒီဇင်ဘာ ၁၂

ပျော်ဘွယ်မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် အပေါ့စားမီးသတ်စက်နှင့် စကားပြောစက်ပေးအပ်လှူဒါန်းပွဲကို ပျော်ဘွယ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ပျော်ဘွယ်မြို့ မြို့မိမြို့ဖများက လှူဒါန်းသော ငွေကျပ်ငါးသိန်းတန်ဖိုးရှိ အပေါ့စားမီးသတ်စက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မီးသတ်ယာဉ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်က မီးသတ်ဦးစီးဌာနမှ ဦးသိန်းဇော်ဝင်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် တန်ဖိုးငွေကျပ် ၂၃၀၀၀၀ရှိ စကားပြောစက်(အထိုင်)တစ်လုံးကို မြို့မိမြို့ဖ ဦးခင်မောင်**(အောက်ပုံ)**က ပေးအပ်လှူဒါန်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစန်းငွေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကံကောင်းသူများ** တရားတော်(ပထမပိုင်း) သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ
၆:၄၅	စွယ်တော်လေးဆူ ဆုပန်ယူ
၇:၀၀	MRTV-4 သတင်း
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (အမက-၃၊ ဒေါပုံ ပြာသာဒ်ကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၅)
၈:၃၀	Sports World (Sunday Special)
၈:၅၅	ပါဝင်နွှဲပျော် Mikko ကံစမ်းပွဲတော် (ဒုတိယအကြိမ်)
၉:၁၀	စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၉:၃၀	Sunday Talk [ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၄၀	Activities in the City (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ၏ သိန်း၁၀၀၀ ကံထူးရှင်ဂုဏ်ပြုပွဲ)
၁၁:၀၀	Mile stones of Contemporary Music Selection
၁၁:၂၀	Shanghai Concerto
၁၁:၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၉)
၁၂:၀၀	စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၁၂:၂၀	ရှင်မြူးသီကြွေးကဗျာတေး (ညီနောင်ငါးဖော်)
၁၂:၄၀	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁:၀၀	**ကံကောင်းသူများ** တရားတော်(ပထမပိုင်း) သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (စဉ်းစားတာ ကောင်းတယ်၊ မစဉ်းစားတာ ကောင်းတယ်)
၃:၄၅	Activities in the City (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ၏ သိန်း၁၀၀၀ ကံထူးရှင်ဂုဏ်ပြုပွဲ)
၄:၀၀	ရန်ကုန်မြင်ကွင်းကျယ် မြန်မာ့ရုပ်ရှင် (၄၆)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ
၄:၁၀	စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၄:၃၅	ပါဝင်နွှဲပျော် Mikko ကံစမ်းပွဲတော် (ဒုတိယအကြိမ်)
၅:၀၀	MRTV-4 ကာတွန်းအစီအစဉ်
၅:၃၀	(၂၅)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်မလေးရှား)
၇:၂၅	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (စဉ်းစားတာ ကောင်းတယ်၊ မစဉ်းစားတာ ကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** အပိုင်း(၂၅)
၁၀:၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၉)
၁၀:၂၅	Barclays Premier League (Liverpool Vs Arsenal)
၁၂:၂၅	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချို တိုက်ကြစို့
၁၂:၃၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၂၅	Liverpool-Arsenal	ESPN (Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ရေး၊ အရည်အသွေးမီ သွင်းကုန်အစားထိုးစက်မှုထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယခင်လ အစည်းအဝေးမှတ်တမ်းမှ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့ရှိ စာသင်ကျောင်းများတွင် အသုံးပြုရန်အတွက် တာဝန်ရှိသူက ပလတ်စတစ်အမှိုက်ပုံးများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

ရုပ်သိမ်း

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁၂-၂၀၀၉
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ **စတုတ္ထအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ**
၈း၂၀ ၆။ **ယှဉ်ပြိုင်ဆင်နွှဲ** 4th ASEAN QUIZ ပြိုင်ပွဲ
၈း၃၅ ၇။ Crossroads Cafe (Episode-14) (Life Goes On)
၉း၀၈ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၅၄)
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၄၀ ၆။ မြန်မာရုပ်ရှင် **နွေး** ဇော်လင်း၊ လင်းထင်၊ချိုပြုံး (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၄း၄၀ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄း၅၀ ၈။ International News
၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၅ ၃။ တေးဂီတအစီအစဉ်
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၆။ **စိတ်လက်ပန်းဖြေ နေပြည်တော် ရေပန်းဥယျာဉ် မှာလေ**
၅း၂၀ ၇။ တေးဂီတအစီအစဉ်
၅း၃၀ ၈။ **(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ အမျိုးသမီးဘောလုံး ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာနှင့် မလေးရှား)**
၇း၁၅ ၉။ တစ်မျက်နှာ တစ်ကွက်စာ အတ္တရောင်ပြန် ဝါဝါအောင်၊ သူရလင်း၊ မိုးယုစံ၊ အေးချမ်းမိုး (ဒါရိုက်တာ- မေတင်-MMG)
၇း၃၅ ၁၀။ တေးဂီတအစီအစဉ်
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၆၈)
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၂၀)
၁၆။ အစီအစဉ်ပြီး၏။

မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် နှစ်ခု ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ကိုးခုထပ်မံဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၂

၂၀၀၉ခုနှစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားသမား လင်းအောင်သည် မီတာ ၅၀ မှောက်လျက်အနေအထား ရိုင်ဖယ်ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မီတာ ၅၀အမျိုးသားအသင်းလိုက် မှောက်လျက်အနေအထား ရိုင်ဖယ်ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိသည်။

ငွေတံဆိပ်ဆွတ်ခူး

ထို့အတူ မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမား အောင်ငြိမ်းနီသည် မီတာ ၅၀ မှောက်လျက်အနေအထား ရိုင်ဖယ်ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ငွေတံဆိပ်နှင့် ကရာတေးဒို အားကစားမယ် နီနီချိုသဲသည် ၆၈ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိကြသည်။

ရွှေ၊ ငွေ၊ ကြေးများရရှိ

ဆက်လက်၍ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားမယ် သီရိတင့်လွင်က ပင်းဝိတ်တန်း ၄၆ကီလိုတန်းပြိုင်ပွဲတွင် လည်းကောင်း၊ ကရာတေးဒိုအားကစားသမား အောင်ပြည့်က ကီလို ၆၀အောက် ကုမိတဲ့ ပြိုင်ပွဲတွင်လည်းကောင်း၊ အလေးမအားကစားသမားသောရယ်ဖောက ၆၃ကီလိုတန်းတွင်လည်းကောင်း၊ ပြည့်ဖြိုးဆွေက ၇၇ကီလိုတန်းတွင် လည်းကောင်း၊ ရာသက်ပန်က ၆၉ကီလိုတန်းတွင်လည်းကောင်း၊ မွေ(ရိုးရာလက်ဝှေ့)ပြိုင်ပွဲဘင်တန်ဝိတ် ၅၁-၅၄ကီလိုတန်းတွင် စိုးမောင်မောင်က လည်းကောင်း၊ လိုက်ဝိတ် ၅၇-၆၀ ကီလိုတန်းတွင် ဝင်းထွန်းက လည်းကောင်း၊ လိုက်ဖလိုင်းဝိတ် ၄၅-၄၈ကီလိုတန်းတွင် အေးကိုကိုက လည်းကောင်း၊ လက်ဝှေ့အားကစားမယ် ကြူကြူသင်းက ပင်းဝိတ်တန်း ၄၆ကီလိုတန်းတွင် ကြေးတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ကြပြီး ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ကိုးခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

(အား/ကာ)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာသေနတ်ပစ်အဖွဲ့ တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲ ယခင် စံချိန်ကိုချိုး၍ ရွှေတံဆိပ်နှစ်ခုဆွတ်ခူးရရှိ

ဗီယင်ကျန်း ဒီဇင်ဘာ ၁၂

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သေနတ်ပစ်ပွဲစဉ်များကို ဗီယင်ကျန်းမြို့တော် NATIONAL SPRTS COMPLEX, SHOOTING RANGE၌ ဒီဇင်ဘာ ၁၀ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့ တတိယနေ့ ကျင်းပသော 50 METER RIFLE PRONE 60 SHOTS အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လင်းအောင်၊ အောင်ငြိမ်းနီ၊ အောင်သူရတို့အသင်းက ယခင်က အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲများတွင် တင်ထားခဲ့သည့် အမြင့်ဆုံးစံချိန် ၁၇၆၆ မှတ်ကို ချိုးကာ ၁၇၇၄မှတ်ဖြင့် ပထမရရှိသွားသည်။ အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက အမှတ်ပေါင်း ၁၇၅၅မှတ်ဖြင့် ဒုတိယ၊ စင်ကာပူအသင်းက အမှတ်ပေါင်း ၁၇၅၁ မှတ်ဖြင့် တတိယရရှိသွားသည်။

အမြင့်ဆုံးစံချိန်

အလားတူ 50 METER RIFLE PRONE 60 SHOTS (တစ်ဦးချင်း) ပြိုင်ပွဲ၌လည်း မြန်မာနိုင်ငံမှ လင်းအောင်က ယခင်အရှေ့တောင်အာရှသေနတ်ပစ် တစ်ဦးချင်းပွဲစဉ်များမှ ကျည်ဆန်အတောင့် ၆၀ပစ် ပြိုင်ပွဲတွင်လည်းကောင်း၊ စံချိန်ယူ ၁၀တောင့်ပစ်ပြိုင်ပွဲ (FINAL TEN ROUNDS) ထပ်မံပစ်ခတ်စဉ်တွင်လည်းကောင်း၊ အမြင့်ဆုံးစံချိန် ၅၉၂ မှတ်ကို ချိုးကာ ၅၉၄ မှတ်ဖြင့် ပထမရရှိသွားပြီး အောင်ငြိမ်းနီ(မြန်မာ)က ၅၉၃ မှတ်ဖြင့် ဒုတိယ၊ ဗီယက်နမ်မှ THANH PHAM NGOC က ၅၈၉ မှတ်ဖြင့် တတိယ အသီးသီးရရှိသွားသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က 50 METER RIFLE PRONE 60 SHOTS တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီတာ ၅၀အမျိုးသား အသင်းလိုက် မှောက်လျက် အနေအထား ရိုင်ဖယ်ပစ်ခတ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ရရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသော လင်းအောင်၊ အောင်ငြိမ်းနီနှင့် အောင်သူရ။ (အား/ကာဦးစီး)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ဗီယက်နမ်	၂၀	၁၇	၁၉	၅၆
ထိုင်း	၁၈	၂၄	၂၉	၇၁
စင်ကာပူ	၁၈	၈	၁၆	၄၂
မလေးရှား	၁၅	၁၆	၂၄	၅၅
အင်ဒိုနီးရှား	၁၃	၁၃	၂၀	၄၆
ဖိလစ်ပိုင်	၈	၁၄	၁၅	၃၇
လာအို	၈	၄	၁၆	၂၈
မြန်မာ	၄	၆	၁၆	၂၆
ကမ္ဘောဒီးယား	၂	၄	၅	၁၁
ဘရူနိုင်း	၀	၀	၄	၄
တီမောလက်စတေ	၀	၀	၂	၂

ကျောက်မီးသွေး တင်ပို့ရာဆိပ်ကမ်း ကွင်းစလန်းပြည်နယ်၌ တည်ဆောက်မည်

ကင်ဘာရာ ဒီဇင်ဘာ ၁၂

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ကုန်ကျမည့် ကျောက်မီးသွေး တင်ပို့ရာ အဓိကဆိပ်ကမ်းသစ် တည်ဆောက်ရေးစီမံကိန်းကို ဒီဇင်ဘာ ၁၁ ရက်တွင် ပြည်နယ်အာဏာပိုင်အဖွဲ့က အတည်ပြုလိုက်သည်။

ပူးပေါင်း

ဝင်းဂမ်းကျွန်း ဂလက်စတုန်းမြို့၌ တည်ဆောက်မည့် ယင်းဆိပ်ကမ်းမှာ ကျောက်မီးသွေးကုမ္ပဏီ ၁၈ခုပိုင်သည့် ပူးပေါင်းတည်ဆောက်ရေးစီမံကိန်း တစ်ခုဖြစ်သည်။ တည်ဆောက်နေစဉ် ဂလက်စတုန်းမြို့မှ ပြည်သူ ၈၀၀ခန့် အလုပ်ရရှိစေမည်ဖြစ်ပြီး စီမံကိန်းပြီးပါက အလုပ်အကိုင် ၃၀၀ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ယင်းဆိပ်ကမ်းပြီးစီးပါက ဆိပ်ကမ်းမှ ကျောက်မီးသွေးတင်ပို့မှု နှစ်ဆတိုးကာ နှစ်စဉ်တန်ချိန် သန်း ၁၅၀ တင်ပို့နိုင်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်၌ တရုတ်ရှေးဟောင်းဘူမိဗေဒပညာရှင်များက သရုပ်ဖော်ရေးဆွဲထားသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ပန်းချီကားကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီ ပင်လယ်ဓားပြနှင့်သူပုန်များအား တိုက်ခိုက်ချေမှုန်းရန် သမ္မတတိုက်တွန်းပြောကြား

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၂

ဆိုမာလီနိုင်ငံမြေပေါ်ရှိ သူပုန်များနှင့် ဆိုမာလီကမ်းလွန်၌ သောင်းကျန်းနေသော ပင်လယ်ဓားပြများအား တိုက်ခိုက်ချေမှုန်းရန် ရေတပ်နှင့် ကြည်းတပ်တို့ကို ဆိုမာလီသမ္မတရှိတ်ရှာရက်ဖ်ရှိတ်အာမက်က ဒီဇင်ဘာ ၉ရက်တွင် တိုက်တွန်းပြောကြားသည်။

မိမိတို့ ဆိုမာလီပင်လယ်ပြင်တွင် နိုင်ငံခြားသင်္ဘောများကို အပိုင်စီးကာ မတရားကိုယ်ကျိုးရှာနေကြသည့် ပင်လယ်ဓားပြများသည် ဆိုမာလီနိုင်ငံကို နာမည်ဖျက်နေကြကြောင်းဖြင့်လည်း ဆိုမာလီသမ္မတ အာမက်က မိုဂါဒစ်ရှူးမြို့တွင် ရေတပ်ဗိုလ်လောင်းများအား ပြောကြားသည်။

ပြဿနာ

နိုင်ငံခြားမှ လာရောက် ငါးခိုးဖမ်းသူများနှင့် စက်မှုဆိုင်ရာစွန့်ပစ်ပစ္စည်းများ စုပုံထားရှိခြင်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ယင်းကိစ္စကိုလည်း ပင်လယ်ဓားပြများနည်းတူ ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ပြည်၏ သွင်းကုန်ထုတ်ကုန်ပမာဏ နိုဝင်ဘာလတွင် ၉ဒသမ၈ရာခိုင်နှုန်း မြင့်တက်လာ

ပေကျင်း ဒီဇင်ဘာ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်ပမာဏသည် နှစ်အလိုက်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၀၉ခုနှစ် နိုဝင်ဘာလတွင် ၉ဒသမ၈ရာခိုင်နှုန်းတိုးကာ အမေရိကန်ဒေါ်လာ ၂၀၈ဒသမ၂ဘီလီယံဖိုးအထိရှိလာကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထွေထွေ အကောက်ခွန်အုပ်ချုပ်ရေးအဖွဲ့က ဒီဇင်ဘာ ၁၁ရက်၌ ကြေညာသည်။

သိရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပြမှုသည် ဇန်နဝါရီမှ နိုဝင်ဘာလအထိ အမေရိကန်ဒေါ်လာ ၁၇၇ဒသမ၉ဖြဘီလီယံရှိကာ ယခင်နှစ် ထိုကာလကထက် ၃၀ဒသမဖြရာခိုင်နှုန်း ကျဆင်းသွားသည်ဟုလည်း သိရသည်။

ကျဆင်း

ပို့ကုန်တန်ဖိုးသည် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၁၃ဒသမဖြ၅ရှိပြီး ယမန်နှစ်နိုဝင်ဘာလကထက် ၁ဒသမ၂ရာခိုင်နှုန်း ကျဆင်းသွားသည်။

သွင်းကုန်တန်ဖိုးသည် နိုဝင်ဘာလတွင် ၂၆ဒသမ၇ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ ၉၄ဒသမဖြဘီလီယံ ရှိလာသည်။ ***(အင်တာနက်)***

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီး၌ ကျင်းပသော နိုင်ငံတကာ ကားပြပွဲတွင် တရုတ်နိုင်ငံ(BYD) ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန် နျူကလီးယားဓာတ်အားပေးစက်ရုံ ရုရှား အပြီးတည်ဆောက်ပေးသွားမည်

မော်စကို ဒီဇင်ဘာ ၁၂

အီရန်နိုင်ငံ၏ ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို သတ်မှတ်ချိန်ပြီးစီးအောင် တည်ဆောက်ပေးသွားရန် ရုရှားနိုင်ငံက အပြည့်အဝအာမခံကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အင်ဒရီးနစ္စတာရင်ကိုက ပြောကြားသည်။

အီရန်နိုင်ငံ တောင်ပိုင်းတွင် တည်ဆောက်နေသည့် ယင်းနျူကလီးယား စက်ရုံကို ၂၀၁၀ခုနှစ် မတ်လတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘူရှာတွင် တည်ဆောက်နေသည့် အဆိုပါ အီရန်နျူကလီးယား ဓာတ်အားပေးစက်ရုံတည်ဆောက်ရာ၌ မိမိတို့ ရုရှားနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာဆိုင်ရာ တာဝန်ဝတ္တရားနှင့်အညီ အတိအကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနျူကလီးယား ဓာတ်အားပေးစက်ရုံကို ပြီးစီးအောင် တည်ဆောက်ပေးသွားမည်ဟု မိမိတို့ အပြည့်အဝအာမခံကြောင်းဖြင့်လည်း နစ္စတာရင်ကိုက ပြောကြားသည်။ **(အင်တာနက်)**

သင်္ဘောကျင်းလုပ်ငန်းခွင်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ သင်္ဘောကျင်းတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



ဂျပန်စက်ပစ္စည်းအမှာစာ အောက်တိုဘာလအတွင်း မြင့်တက်ခဲ့

တိုကျို ဒီဇင်ဘာ ၁၂

ဂျပန်နိုင်ငံထုတ် စက်ပစ္စည်း အမှာစာ အောက်တိုဘာလအတွင်း၌ ၃ ဒသမ ၂ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဝန်ကြီးအဖွဲ့အစည်းအဝေးက ဒီဇင်ဘာ ၁၁ရက်တွင်ထုတ်ပြန်သည့် စာရင်းဇယား၌ ဖော်ပြထားသည်။

မှာယူမှု

သို့သော် ဂျပန်နိုင်ငံတွင်း ပုဂ္ဂလိကကဏ္ဍမှ စက်ပစ္စည်းမှာယူမှုမှာ အောက်တိုဘာလအတွင်း ယန်းငွေ ၇၀၄ ဒသမ ၅ဘီလီယံဖိုးအထိ ကျဆင်းခဲ့သည်။ ရှုလိုင်လနောက်ပိုင်း ပထမဆုံး ကျဆင်းခြင်းဖြစ်သည်ဟု ဆိုသည်။

အောက်တိုဘာလအတွင်း ပြည်ပမှ ဂျပန်စက်ပစ္စည်းအမှာစာ ၁၃ဒသမ၃ ရာခိုင်နှုန်းတိုးမြင့်သည်ဟု သိရသည်။ **(အင်တာနက်)**

စီးပွားရေးလုပ်ငန်း ၈၅၀၀ခန့် မက္ကဆီကိုစီးတီး၌ ပိတ်ထားခဲ့ရ

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၂

မက္ကဆီကိုစီးတီး၌ ယခုနှစ်ပထမ ၁၀လအတွင်း လုပ်ငန်းပေါင်း ၈၅၀၀ခန့်ကို ပိတ်ထားလိုက်ရကြောင်း မက္ကဆီကိုစီးတီး စီးပွားရေးအသင်း (ကာနာကို-ဒီအက်ဖ်)က ဒီဇင်ဘာ ၁၀ရက်တွင် ကျင်းပသော ရုပ်သံလွှင့်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြောကြား

ပိတ်ထားလိုက်ရသည့် လုပ်ငန်းများ၏ပမာဏမှာ မက္ကဆီကိုစီးတီး၏ စီးပွားရေးလုပ်ငန်း ၈ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိရှိကြောင်း၊ မော်တော်ကားရောင်းဝယ်ရေးလုပ်ငန်းများ၊ အိမ်သုံးပစ္စည်းလက်လီရောင်းဝယ်ရေးလုပ်ငန်းများ၊ ပရိဘောဂဆိုင်တို့မှာ အနစ်နာဆုံးဖြစ်သည်ဟု မက္ကဆီကိုစီးတီး စီးပွားရေးအသင်းဥက္ကဋ္ဌ အာတူရိုမင်ဒီကူတီက ပြောကြားသည်။

မျှော်လင့်

ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလဆန်းပိုင်းဆိုလျှင် အရောင်းအဝယ်များ ပုံမှန်အခြေအနေသို့ ပြန်ရောက်လိမ့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း အဆိုပါ စီးပွားရေးအသင်းဥက္ကဋ္ဌက ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးရပ်ကွက် ထူထောင်မှု မရပ်ဆိုင်းသမျှ ဆွေးနွေးပွဲ စတင်မည်မဟုတ်

တဲလ်အဗစ် ဒီဇင်ဘာ ၁၂

ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းခြေ၌ အစ္စရေးရပ်ကွက်ထူထောင်ရေးလုပ်ငန်းများကို ကတိပြုထားသည့်အတိုင်း အစ္စရေးအစိုးရက ရပ်တန့်ခြင်းမပြုကြောင်း ဝါအရင့်ဆုံး အစ္စရေးငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့ဖြစ်သည့် ပိစ်နောင်းအဖွဲ့က ပြောကြားသည်ဟု သိရသည်။

များပြား

ပိစ်နောင်းအဖွဲ့က စုဆောင်းရရှိထားသည့် အချက်အလက်များအရ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်း၌ အစ္စရေးအခြေချရပ်ကွက်ထူထောင်မှုသည် အခြားသောအသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများထက် အလွန်အမင်းများပြားနေသည်ကို တွေ့ရသည်။

ကြေညာ

ရပ်ဆိုင်းထားသော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စတင်ရေးအတွက် ဂျေရုဆလင်အယ်ကွတ်မှအပ အစ္စရေးရပ်ကွက် ထူထောင်မှုလုပ်ငန်းအားလုံးကို ၁၀လကြာရပ်ဆိုင်းရန် သဘောတူကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ကြေညာသည်။ အစ္စရေးရပ်ကွက် ထူထောင်မှုအားလုံး မရပ်ဆိုင်းသမျှ ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်မည်မဟုတ်ဟု ပါလက်စတိုင်းတို့က ကြေညာထားသည်။ (အင်တာနက်)

A(H1N1)ရောဂါဖြင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူ ၉၅၉၆ဦးရှိ

ဂျီနီဗာ ဒီဇင်ဘာ ၁၂

ကမ္ဘာတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၉၅၉၆ဦး ရှိသွားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါ A(H1N1) တုပ်ကွေးပိုးရပ်စ်ပိုးသည် ယခင်နှစ် ဧပြီလအတွင်း မြောက်အမေရိကနိုင်ငံတစ်နိုင်ငံမှ စတင်ဖြစ်ပွားပြီး ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၂၀၈နိုင်ငံသို့ ကူးစက်ပြန့်ပွားခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အများဆုံး

ယင်းA(H1N1) တုပ်ကွေးရောဂါ စတင်ဖြစ်ပွားသည့် မြောက်အမေရိကနှင့် ဥရောပအရှေ့ပိုင်းတို့မှတစ်ဆင့် ဆက်လက်၍ ဥရောပတောင်ပိုင်း၊ အရှေ့အာရှနှင့် တောင်အာရှနိုင်ငံများ၌ ၎င်းရောဂါခံစားရသည့် ဝေဒနာရှင်အပြည့်ဖြစ်လာသည်။

ထုတ်လုပ်

A(H1N1) တုပ်ကွေးရောဂါ ဆက်လက်မပြန့်ပွားရန် ကာကွယ်ဆေးများလည်း ထုတ်လုပ်နေပြီဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လူငယ်များ အိုင်တီနည်းပညာ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်

မန္တလေးဈေးချို အိုင်တီဇုန်၌ ဟောပြောပွဲကျင်းပမည်

အမေး/အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းနိုင် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၂

အိုင်တီနည်းပညာကား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။ ယနေ့ခေတ်၌ လူငယ်တိုင်း အိုင်တီနည်းပညာ သိရှိတတ်ကျွမ်းအောင် ကြိုးစားလာသည်။ မြန်မာနိုင်ငံတွင် လူငယ်များ အိုင်တီနည်းပညာကို စနစ်တကျနားလည်တတ်ကျွမ်းစေရန် အိုင်တီရက်သတ္တပတ်ပြပွဲများ၊ ဆွေးနွေးပွဲများ မပြတ်တမ်းပြုလုပ်လျက်ရှိသည်။

“ဆော့ဖ်ဝဲလ် အင်ဂျင်နီယာ တစ်ဦး လိုက်နာသင့်တဲ့ အလေ့အကျင့်ကောင်းတွေ ဘယ်လိုလေ့လာသင့်တယ် ဆိုတာ ဟောပြောမယ်”
ဦးရဲရင့်ဝင်း။

ဟောပြောမည်

ယခုအခါ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အိုင်တီပညာရှင်များက မန္တလေးမြို့ ဈေးချိုအိုင်တီဇုန်၌ ဒီဇင်ဘာ ၁၆ရက်တွင် လူငယ်များအား အိုင်တီပညာရပ်များနှင့်ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ပြီး ဟောပြောဆွေးနွေးကြမည့် အိုင်တီပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

“AJAX နည်းပညာအကြောင်း ဟောပြောသွားမှာပါ”
ဦးဝင်းထိန်ဝင်း။

“မန္တလေးမြို့ ဈေးချိုအိုင်တီဇုန်မှာတော့ ပထမဆုံးအကြိမ်ဟောပြောဆွေးနွေးခြင်းပါပဲ။ အခုလို ဟောပြောပွဲကျင်းပရတာကတော့ မြန်မာနိုင်ငံအထက်ပိုင်းမှာရှိတဲ့ လူငယ်တွေအနေနဲ့ အိုင်တီနည်းပညာရပ်အပေါ် ပိုမိုစိတ်ဝင်စားလာရေးနဲ့ စနစ်တကျ သိရှိနားလည်ရေးတို့အတွက်ပဲဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးဇော်မိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ လူငယ်များ အိုင်တီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အိုင်တီပညာရှင်များက နိုင်ငံအနှံ့ မြို့ကြီးများတွင် ဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။ မန္တလေးမြို့ ဈေးချို အိုင်တီဇုန်၌ ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီမှ ၅နာရီအထိ အိုင်တီပညာရှင် လေးဦးက ဟောပြောကြမည်ဖြစ်သည်။ ဟောပြောမည့် အိုင်တီပညာရှင်တစ်ဦးလည်းဖြစ်သည့် ဦးဇော်မိုးထွန်းက “ဟောပြောပွဲမှာ ကျွန်တော့်အနေနဲ့ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာတစ်ဦးရဲ့ အလုပ်အကိုင် အခွင့်အလမ်းများနဲ့ ဆည်းပူးလေ့လာသင့်တဲ့ အသိပညာ၊ အတတ်ပညာတွေကို ပြောပြဆွေးနွေးသွားမှာပါ။ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ လုပ်ငန်းသဘာဝ၊ ဆော့ဖ်ဝဲလ် အင်ဂျင်နီယာတစ်ဦးအနေနဲ့ ဘာတွေပြင်ဆင်ရမယ်၊ ဘယ်လို လေ့လာသိရှိထားရမလဲ၊ ဘယ်လို လေ့လာသင့်သလဲ၊ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ တစ်ဦးဖြစ်လာအောင် အချိန်ဘယ်လောက်အထိ လေ့လာရမလဲစတဲ့ သိသင့်သိထိုက်တဲ့ အချက်တွေကို လူငယ်တွေ နားလည်သဘောပေါက်အောင် ဟောပြောပေးသွားမှာဖြစ်ပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆွေးနွေးနိုင်

ဟောပြောပွဲ တက်ရောက်ကြမည့် လူငယ်များအနေဖြင့် ဟောပြောပွဲပြီးလျှင် တစ်ဦးချင်းအလိုက်၊အစုအဖွဲ့အလိုက် တွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ကွန်ပျူတာပညာရှင်များက အတွေ့အကြုံများဖြင့် ယှဉ်ကာ နားလည်ရှင်းလင်းသွားရန် ဆွေးနွေးပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိ အိုင်တီလောကတွင်ရှိနေသည့် စာမေးပွဲများ အနက် မည်သို့သော စာမေးပွဲများကို ဖြေဆိုသင့်သည်၊ မည်သည့်သင်တန်းမျိုးတွေ တက်သင့်သည်စသော အချက်များကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တစ်ဖန် ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဦးရဲရင့်ဝင်းကလည်း“ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ တစ်ဦး လိုက်နာသင့်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ပတ်သက်တဲ့ အလေ့အကျင့်ကောင်းတွေ ရအောင် ဘယ်လိုလေ့လာသင့်တယ်၊ ပရိဂရမ်မာ တစ်ဦးအနေနဲ့ သိထားရမယ့် လုပ်ငန်းဆိုင်ရာ စီမံဆောင်ရွက်မှုတွေ သိရှိအောင်နဲ့ စဉ်းစားတွေးခေါ်မှုအပိုင်းတွေပါ ဟောပြောဆွေးနွေးသွားမယ်။ ဒီလိုအချက်တွေကို အခြေခံကျကျသိရှိမှ၊ လိုက်နာသင့်တဲ့ အလေ့အကျင့်ကောင်းစွဲမြဲနေမှ အရည်အချင်းပြည့်ဝတဲ့ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာတွေ ထွက်ပေါ်လာနိုင်မှာပါ”ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ကောင်းမွန်

မှန်ပါသည်။ အိုင်တီနှင့်ပတ်သက်သော အခြေခံအချက်အလက်များ၊ အခြေခံအလေ့အကျင့်ကောင်းများကိုသိရှိမှသာ ပိုမိုကောင်းမွန်သော အိုင်တီထုတ်ကုန်များကို ဖန်တီးနိုင်မည်ဖြစ်သည်။ အရည်အသွေးမြင့်သည့် ဆော့ဖ်ဝဲလ်များကိုလည်း ရေးသားနိုင်ကြမည်ဖြစ်သည်။

တစ်ဖန် မန္တလေးမြို့ ဈေးချိုအိုင်တီဇုန်၌ ကျင်းပမည့်ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးဝင်းထိန်ဝင်းကလည်း သူဟောပြောမည့်အကြောင်းအရာနှင့်ပတ်သက်ပြီး “ကျွန်တော်ဟောပြောမှာကတော့ Enhance Your Web Application with AJAX အကြောင်းအရာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရေးနေကြတဲ့ Web Application ပိုမိုတိုးတက်ကောင်းမွန်လာအောင် AJAX ဆိုတဲ့ နည်းပညာသုံးပြီး ဘယ်လိုလုပ်မလဲ၊ AJAX နည်းပညာဆိုတာဘာလဲ၊ AJAX နည်းပညာကို နိုင်ငံတကာမှာ ဘယ်လို အောင်အောင်မြင်မြင် အသုံးပြုနေကြသလဲ၊ AJAX နည်းပညာကိုသုံးရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်မလဲဆိုတာတွေ ဟောပြောပေးသွားမှာပါ”ဟု ၄င်းကရှင်းပြသည်။

“လူငယ်တွေ အိုင်တီနည်းပညာအပေါ် ပိုမိုစိတ်ဝင်စားလာရေးနဲ့ စနစ်တကျ နားလည်သိရှိရေးတို့အတွက်ဖြစ်ပါတယ်”
ဦးဇော်မိုးထွန်း။

မြန်မာလူငယ်များအနေဖြင့် နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည့် အိုင်တီနည်းပညာသစ်များကို သိရှိရန်၊ အသုံးပြုနိုင်ရန် လိုအပ်သည်။ သို့မှသာ အိုင်တီနည်းပညာများကို မျက်ခြည်မပြတ်ဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

အကျိုးရှိ

“ဟောပြောပွဲမှာ AJAX နည်းပညာမသုံးဘဲ Web Application လက်တွေ့ရေးပြမယ်၊ နောက်ပြီး AJAX နည်းပညာသုံးပြီး Web Application တစ်ခုရေးပြမယ်၊ ဘယ်လို ကွာခြားသလဲ၊ လက်တွေ့ယှဉ်ပြီးပြသသွားမှာပါ။ ဒါမှ လူငယ်တွေ ချက်ချင်းမြင်ပြီး နားလည်သဘောပေါက်သွားမှာ ဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းမှာ ဘယ်လောက်အထိ အကျိုးရှိမယ်ဆိုတဲ့ အကြောင်းတွေရှင်းပြသွားမှာပါ”ဟု ဦးဝင်းထိန်ဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ထို့နောက် ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးမည့် ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ဖြစ်သူ ဦးထွန်းခိုင်ကလည်း “ကျွန်တော်က Relational Data Model and SQL အကြောင်း ဟောပြောမယ်။ အချက်အလက်တွေ ဘယ်လိုသိမ်းဆည်းမလဲ၊ လူငယ်တွေအနေနဲ့ Relational Data Model ကို ဘယ်လို တည်ဆောက်မလဲ၊ အချက်အလက်တွေ ဘယ်လို ထုတ်ယူမလဲ၊ ဒါတွေသိအောင် ဘယ်လိုလုပ်မလဲ၊ ဘာတွေ သိထားသင့်သလဲဆိုတာတွေကို ဟောပြောသွားမှာပါ”ဟု ရှင်းပြသည်။

အခွင့်အရေး

ထို့ကြောင့် လူငယ်များ အိုင်တီနည်းပညာနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်၊ ဆွေးနွေးနိုင်သည့် ဟောပြောပွဲဖြစ်သည်။ ထို့အပြင် ဟောပြောပွဲသို့ မည်သူမဆို အခမဲ့တက်ရောက်လေ့လာဆွေးနွေးနိုင်ကြသည်ဖြစ်ရာ လူငယ်များအနေဖြင့် အခွင့်အရေးကောင်းတစ်ရပ်ပင်ဖြစ်သည်ဟု တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အိုင်တီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အိုင်တီပညာရှင်များက နိုင်ငံအနှံ့ မြို့ကြီးများတွင် ဟောပြောပွဲများ ပြုလုပ်လျက်ရှိ။

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက်စနာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ရန်ကုန်မြို့နေ အသက်(၇၅)နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်သား ကန်တော့ခံ ဘိုးဘွားများ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးရ ဝါးခယ်မမြို့နယ်မှ ကျောင်းသားများနှင့် ဆုတံဆိပ်ရရှိသူများသည် အခမ်းအနားသို့ တက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဉ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀သို့ ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်ပြီးမြို့နယ်သားတိုင်း တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးစီးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ (၁၂၁)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် -စုစည်းရေးသားသည်

တရုတ်သမ္မတ ဟူကျင်ထောင်း ကာဇက်စတန်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိ

တရုတ်သမ္မတ ဟူကျင်ထောင်းသည် ကာဇက်စတန်နိုင်ငံသို့ ဒီဇင်ဘာ ၁၂ရက်က ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိလာကြောင်း ကာဇက်စတန်နိုင်ငံအရာရှိများက သတင်းထုတ်ပြန်သည်။

တူရကီအနောက်ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွား၊ ၁၉ဦးသေဆုံး

တူရကီနိုင်ငံအနောက်ပိုင်း မူစတာဖာကီမာပါဆာမြို့အနီး ကျောက်မီးသွေးတွင်း တစ်တွင်းတွင်ဒီဇင်ဘာ ၁၂ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ကျောက်မီးသွေးတွင်း အလုပ်သမား ၁၉ဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

ဂျပန်နိုင်ငံ တိုမာကိုမိမြို့ကမ်းလွန်၌ ကူးတို့ရေယာဉ်နစ်မြုပ်၊ ငါးဦးသေဆုံး

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်း တိုမာကိုမိမြို့ကမ်းလွန်၌ ဒီဇင်ဘာ ၁၂ရက်က ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ရစ်ချ်တာစကေး ၅ ဒသမ ၉အဆင့်ရှိငလျင် အင်ဒိုနီးရှားနိုင်ငံကမ်းလွန်၌ လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူရာပြည်နယ်ကမ်းလွန်၌ ဒီဇင်ဘာ ၁၂ရက်က ရစ်ချ်တာစကေး ၅ဒသမ ၉အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်း မရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ရေလွှမ်း

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ဒီဇင်ဘာ ၁၂ရက်က မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းလျက်ရှိရာ ကောက်ပဲသီးနှံစိုက်ပျိုးမြေဟက်တာ ၂၄၀၀၀၀ခန့် ရေလွှမ်းပြီး ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဘရာဇီးနိုင်ငံစိုက်ပျိုးရေးအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာပြည်နယ်၌ အနုပညာပွဲတော် ဖွင့်လှစ်

အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှုတစ်ရပ်အဖြစ် အနုပညာပွဲတော်တစ်ရပ်ကို ဒီဇင်ဘာ ၁၂ရက်မှစတင်ကာ ဖွင့်လှစ်ကျင်းပလျက်ရှိသည်။

တရုတ်နိုင်ငံ ကျောင်ရှန်မြို့၌ အိမ်သုတ်ဆေးစက်ရုံမီးလောင်မှုဖြစ်ပွား၊ ငါးဦးသေဆုံး

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကျောင်ရှန်မြို့ရှိ အိမ်သုတ်ဆေး စက်ရုံတစ်ရုံ၌ ဒီဇင်ဘာ ၁၂ရက်က မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

၂၀၁၀ခုနှစ်တွင် ရေနံသုံးစွဲမှု မြင့်တက်လာနိုင် နေ့စဉ်ရေနံစည် ၈၄သန်းကျော် ထုတ်လုပ်ရမည်

နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အေအီး)က ၂၀၁၀ခုနှစ်၌ ကမ္ဘာ့ရေနံသုံးစွဲမှု မြင့်တက်လာနိုင်ကြောင်း၊ တစ်နေ့လျှင် ရေနံစည်ပေါင်း၈၄ဒသမ၉သန်းခန့် ထုတ်လုပ်ရမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ရက်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

လူ့အဖွဲ့ အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ အလေ့အကျင့်ကောင်းများ လူငယ်များအတွင်းတည်ဆောက် နိုင်ငံကြီးသား အင်္ဂါရပ်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များအဖြစ် လေ့ကျင့်ပေးခြင်းဖြင့်

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အောင်အောင်မြင်မြင် တည်ဆောက်ဖော်ဆောင်နိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁၂

အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယ ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့်သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် မျက်မှောက်ကာလတွင် အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းကို အောင်မြင်စွာ တက်ရောက်ဆည်းပူးခဲ့ကြသည့် သင်တန်းဆင်း ဆရာဆရာမများအနေဖြင့် ခိုင်မာသည့် အမျိုးသားရေး ယုံကြည်ချက်၊ခံယူချက်များ၊ကျယ်ပြန့်သည့် အမျိုးသားရေးအသိအမြင်၊ စိတ်ဓာတ်ရေးရာအင်အားသစ်များနှင့်အတူ စွမ်းရည်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍမှ အရည်အချင်းရော၊ အရည်အသွေးပါ ပြည့်ဝသည့် ဆရာဆရာမများအဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြမည်ဟုယုံကြည်ကြောင်း။

အရှိန်အဟုန်ဖြင့်ဖော်ဆောင်

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော နည်းပညာရပ်များအပေါ် အခြေခံပြီး ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ယူသည့် အချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် စီမံကိန်းများ စနစ်တကျ ချမှတ်ကာ အနာဂတ်နိုင်ငံတော်သစ်အတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံကောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက် ရှိကြောင်း။

မျက်မှောက်ကာလ ပြည်ထောင်စု တစ်ဝန်းလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် နယ်မြေဒေသအသီးသီးရှိ ပြည်သူများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေပြီး ထူးခြားသည့် သမိုင်းမှတ်တိုင်များအဖြစ်လည်း အထင်အရှား ရှိနေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ ပစ္စုပ္ပန်၊ အနာဂတ် အမျိုးသား အကျိုးစီးပွားအတွက် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ခဲ့ရာတွင် ပြည်တွင်း ပြည်ပအခက်အခဲ၊ အဟန့်အတားအမျိုးမျိုးကို တွေ့ကြုံခဲ့ရသော်လည်း အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းမှုစွမ်းအားကြောင့်ပင်ဖြစ်ကြောင်း။

တည်ဆောက်ပေး

ယနေ့ကာလ မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး အစဉ်ထာဝရ လက်ဆင့်ကမ်း တည်ဆောက်သွားကြရမည့် အမျိုးသားရေး စိတ်ဓာတ်မှာ ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အနာဂတ် နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် လူငယ်လူရွယ်များအား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို အရင်းခံပြီး အများအကျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလိုသော စိတ်ဓာတ်၊ နိုင်ငံကြီးသား စိတ်ဓာတ်အစရှိသည့် မြင့်မြတ်သော စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို အစဉ်တစိုက် တည်ဆောက်ပေးနေကြရန် လိုအပ်ကြောင်း။

အခြေခံအားဖြင့် ဖြူစင်ပြီး အရာရာကို လေ့လာလိုစိတ်ရှိသည့် လူငယ်လူရွယ်များ၏ စိတ်ဓာတ်များအား ကြံ့ခိုင်မှု၊ မွန်မြတ်မှု အရည်အသွေးများနှင့် ပြည့်စုံစေရေး တည်ဆောက်ပေးကြရမှာ ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင် စည်းကမ်းလိုက်နာစောင့်ထိန်းမှု အလေ့အထကောင်းများနှင့် ပေါင်းစည်းပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် ပေါ်ထွန်းလာနိုင်မှာ ဖြစ်ကြောင်း။

အကောင်အထည်ဖော်

မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အဆက်တွင် တည်ဆောက်လာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများကို အခြေခံပြီး တစ်ဦးချင်းစည်းကမ်းလိုက်နာမှုမှတစ်ဆင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ လမ်းစည်းကမ်းစသည့် လူ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ စောင့်ထိန်းလိုက်နာမှု အလေ့အကျင့်ကောင်းများကို လူငယ်များအတွင်း တည်ဆောက်ပေးကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ တရားဥပဒေကို လေးစားလိုက်နာ နေထိုင်တတ်သည့် နိုင်ငံကြီးသား အင်္ဂါရပ်နှင့် ပြည့်စုံသော မျိုးဆက်သစ်လူငယ်များအဖြစ် လေ့ကျင့်ပေးနိုင်မှုနှင့်အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အောင်အောင်မြင်မြင် တည်ဆောက် အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း။

အနာဂတ် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံကြီးသားများ ဂုဏ်သိက္ခာနှင့်အညီ တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို ထိန်းသိမ်းမြှင့်တင်ကြရမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် အမျိုးသား ပညာရည်မြင့်မားရေးသည်လည်း ယနေ့ နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်ပင် ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု

မျက်မှောက်ကာလ၌ သိပ္ပံနှင့် နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် သတင်းဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်နှင့် တိုးတက်မြင့်မားလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေးပုံစံသည် အသိပညာအခြေပြု စီးပွားရေးပုံစံ (Knowledge based Economy) ကို ဦးတည် ကူးပြောင်းလျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြောင်းလဲမှုများကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်များ စုစည်းအသုံးပြုနိုင်ရေး လုပ်ငန်းစဉ်များသည် နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းရာတွင် အဓိကကျကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ကြိုးပမ်းလျက်ရှိနေကြသလို မိမိတို့နိုင်ငံတွင်လည်း တစ်မျိုးသားလုံး ပညာရည်တိုးတက်မြင့်မားရေးအတွက် လူမှုရေးဦးတည်ချက်၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဦးတည်ချက် တစ်ရပ်ထည့်သွင်းပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ ချမှတ်ဖော်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည်ထောင်စုတစ်ဝန်းလုံး ဖြန့်ကြက်တည်ဆောက်ခြင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည်သာ ပြည်ထောင်စုကြီးကို ထာဝစဉ် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် တစ်ခုတည်းသော စွမ်းအားအစစ်အမှန်ဖြစ်ကြောင်းကို မိမိတို့တာဝန်ထမ်းဆောင်ရာဒေသရှိ ကျောင်းသားလူငယ်များကို အခြေခံလျက် ပြည်သူများ၏ အတွေးအခေါ် အသိအမြင်များ မှန်ကန်ပြီး ယုံကြည်ချက်၊ ခံယူချက်များ၊ မြင့်မားလာစေရေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ချောမွေ့ညင်သာစွာဖြင့် ကူးပြောင်းတည်ဆောက်ရာတွင် ပြည်ထောင်စု စိတ်ဓာတ်စွမ်းအား၊ တစ်မျိုးသားလုံး စည်းကမ်းမြင့်မားမှုစွမ်းအားနှင့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားများကို ပေါင်းစည်းမြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ အမျိုးသားရေးစွမ်းအားများကို ပေါင်းစည်းမြှင့်တင် အကောင်အထည်ဖော်ရာ၌ ပဓာနကျသော လူ့စွမ်းအား အရင်းအမြစ်များအား လေ့ကျင့်ပျိုးထောင်နေသည့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ မွန်မြတ်သော ပညာရေးဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ ခိုင်ခိုင်မြဲမြဲထားရှိပြီး စံနမူနာပြ ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ရာ သင်တန်းသား စံပြဆုရ ကသအမှတ် F-၂၁၉ ဦးဝင်းထွန်းနိုင် အလယ်တန်းပြဆရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကော့သောင်းမြို့နယ် တနင်္သာရီတိုင်းနှင့် သင်တန်းသူစံပြဆုရ ကသအမှတ် C -၂၀ ဒေါ်နီနီထွန်း **(အပေါ်ဝဲပုံ)** အထက်တန်းပြဆရာမ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်း တို့အားလည်းကောင်း၊ ဖွဲ့လုံ့လ ဆုရရှိကြသော ကသအမှတ် F -၃၅ ဦးဝင်းမြင့် မူလတန်း ကျောင်းအုပ် အခြေခံပညာ မူလတန်းလွန် ကျောင်း (ဝါးအော်) ကျွန်းစုမြို့နယ် တနင်္သာရီတိုင်း၊ ကသအမှတ် A -၆၃ ဒေါ်အေးအေးကြူ အလယ်တန်းပြဆရာမ အမှတ် (၂၀) အခြေခံပညာမူလတန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းနှင့် ကသအမှတ် C -၁၁၄ ဒေါ်ကြည်စမ်း မူလတန်းကျောင်းအုပ် အခြေခံပညာ မူလတန်းလွန်ကျောင်း (ဆင်တိုးကြီး) ပုလောမြို့နယ် တနင်္သာရီတိုင်းတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား အမျိုးသားတပ်ခွဲ (၅) အဆောင် (၅)နှင့် သင်တန်းသူ အမျိုးသမီးတပ်ခွဲ (၈)အဆောင်(၈) တို့မှ တပ်ခွဲ ခေါင်းဆောင်များအားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များအားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၁၄၉၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုန်တိုင်းငယ် ဆက်လက်ရွေ့လျားမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့ ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'ဝပ်' (WARD) သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက်မိုင် ၃၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း **ဖောင်ပိတ်ပရီမီယာလိဂ်သတင်း**

မန်စီးတီးနှင့် ချယ်လ်ဆီးတို့ သရေပွဲကြုံ စပါးက အိမ်ကွင်း၌ ဝူလ်ဗာဟမ်တန်ကို ရှုံးနိမ့်ခဲ့

လန်ဒန် ဒီဇင်ဘာ ၁၂

ပရီမီယာလိဂ်ပွဲစဉ် (၁၆) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ နာမည်ကြီး ကလပ်များဖြစ်သည့် ချယ်လ်ဆီး၊ မန်စီးတီးတို့ သရေပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

ချေပဂိုးသွင်းယူ

ချယ်လ်ဆီးက အိမ်ကွင်း၌ အဲဗာတန်နှင့် ယှဉ်ပြိုင်ကစားရာ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။ ပွဲစအပြီး ၁၂မိနစ်အကြာ ချယ်လ်ဆီးဂိုးသမား ပီတာချက်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ အဲဗာတန်တို့အဖွင့်ဂိုးရခဲ့သည်။ ယင်းဂိုးကို ပွဲချိန် ၁၈မိနစ်တွင် တိုက်စစ်မှူး ဒရော့ဘာက အက်ရှ်လေကိုးလ်၏ တည်ကန်သောဘောလုံးမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။

ချယ်လ်ဆီးကစားကွက်မှာ ပို၍အချိတ်အဆက်မိလာပြီး လျှင်လျှင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၃မိနစ်တွင် လမ်းပတ်၏ ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး အနယ်လ်ကာ သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလို ကာဗယ်ဟိုရှင်းထုတ်စဉ် လူစားဝင်လာသူ ယာကူဘူက အဲဗာတန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်းပြန်စပြီး မကြာမီ ချယ်လ်ဆီးတို့ တိုက်စစ်အရှိန်မြှင့်ကစားရာ အီဗာနိုဗစ် ဖြတ်တင်ဘောမှတစ်ဆင့် ဒရော့ဘာ ဂိုးသွင်းယူသွားသည်။ ပွဲချိန် ၆၃မိနစ်တွင် ဟိုက်တင်ဂါ၏ တည်ကန်ဘောမှ တစ်ဆင့် လူးဝစ်ဆာဟာ အဲဗာတန်အတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး တစ်ဖက်သုံးဂိုးစီသွင်းကာ ပွဲသိမ်းခဲ့သည်။

အဲဗာတန်အတွက် ချေပဂိုးသွင်းယူပြီး အောင်ပွဲခံနေသော လူးဝစ်ဆာဟာ။

သရေပွဲ

ဘော်လ်တန်တို့ အိမ်ကွင်း၌ မန်စီးတီးတို့လည်း ချယ်လ်ဆီးနည်းတူ တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ရသည်။ ပွဲစပြီး ၁၁မိနစ်အကြာ အီဗန်ကလာနစ်က ဘော်လ်တန်အတွက် အဖွင့်ဂိုးသွင်းယူသည်။ ယင်းဂိုးကို တိုက်စစ်မှူး တီဗက်ဇ်က ၁၀မိနစ်အကြာ ချေပခဲ့သည်။ ပွဲချိန် ၄၂မိနစ်တွင် တင်ကာဟေးလ်က ဘော်လ်တန်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြန်သည်။ ယင်းဂိုးကို မီကက်ရှ်ရစ်ချက်က ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် ပြန်လည်ချေပခဲ့သည်။ ပွဲချိန် ၅၃မိနစ်တွင် အီဗာကလာနစ်ကပင် ဘော်လ်တန်အတွက် တတိယဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၆၃မိနစ်တွင် မန်စီးတီး တိုက်စစ်မှူး ဘယ်လာမီ နှစ်ဝါ၊ တစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ မန်စီးတီးတို့ တစ်ယောက်လျော့သွားသော်လည်း ကစားကွက်ကို ထိန်းကစားခဲ့ရာ ပွဲချိန် ၇၇မိနစ်တွင် တီဗက်ဇ်က မန်စီးတီးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲအပြီး တစ်ဖက်သုံးဂိုးစီ ဖြစ်ခဲ့သည်။

မန်စီးတီးအတွက် မီကက်ရှ်ရစ်ချက်က ဘော်လ်တန်ဘက်သို့ ဤသို့ ချေပဂိုးသွင်းယူခဲ့သည်။

အနိုင်ရလိုက်

ဝူလ်ဗာဟမ်တန်က နာမည်ကြီး စပါးကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး သုံးမိနစ်အကြာ ဒွိုင်းလီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဝူလ်ဗာဟမ်တန်တို့ ၂၆နှစ်တာကာလအတွင်း စပါးကို ပထမဆုံး အနိုင်ရလိုက်ခြင်းဖြစ်သည်။

ပွဲသိမ်းခဲ့

အခြားပွဲများအဖြစ် ဘန်လေနှင့် ဖူလ်ဟမ်တို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ဟူးလ်စီးတီးနှင့် ဘလက်ဘန်းတို့ပွဲသည် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ စတုတ်နှင့် ဝီဂန်တို့ ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည် ဆန်းဒါးလန်းနှင့် ပို့စ်မောက်တို့ပွဲမှာလည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။ ။ **(အင်တာနက်)**

အာကာကျော် - စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဘလက်ဘန်းအသင်းနည်းပြ ဆမ်အလာဒိုက်စ် တိုက်စစ်မှူးဂျိမ်းစ်ဘီတီအား ခေါ်ယူရန်စီစဉ်နေ

ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်စ်သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် စတုတ်စီးတီးအသင်းတိုက်စစ်မှူး ဂျိမ်းစ်ဘီတီအား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရန် စီစဉ်နေသည်။

ဝီဂန်အသင်းမှ ဂါနာဂိုးသမားရစ်ချတ်ကင်ဆန်အား ဇန်နဝါရီအပြောင်းအရွှေ့ ကာလ၌ အသင်းမှ ထွက်ခွာခွင့်ပြု

ဝီဂန်အသင်းသည် ဂါနာဂိုးသမား ရစ်ချတ်ကင်ဆန်အား လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် အသင်းမှ ထွက်ခွာခွင့်ပြုလိုက်ပြီဟု သတင်းထုတ်ပြန်သည်။

ရိန်းဂျားအသင်းအား ပြုပြင်ရန် လိုအပ် တိုက်စစ်မှူး ကင်နီမီလာ ဖွင့်ဟပြောကြား

ရိန်းဂျားအသင်းသည် ချန်ပီယံလိဂ်တွင် အောင်မြင်မှုမရခဲ့ခြင်းကြောင့် အသင်းကို ပြုပြင်ရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက အသင်း၏ စကော့တလန် ပရီမီယာလိဂ် သရဖူကာကွယ်ရေးကို ဆိုးကျိုးသက်ရောက်ကာ ထိခိုက်စေနိုင်ကြောင်း ရိန်းဂျားတိုက်စစ်မှူး ကင်နီမီလာက အခိုင်အမာပြောကြားသည်။

ဘာကာတောင်ပံကစားသမား ဆူအာရက်ဇ် လာမည့်ဇန်နဝါရီ၌ ဆဲလ်တစ်နှင့် စာချုပ်ချုပ်ဆိုဖွယ်ရှိ

နွေရာသီတွင် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဘာစီလိုနာ တောင်ပံကစားသမား ဂျက်ဖရင်ဆူအာရက်ဇ်သည် လာမည့်နှစ် ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ဆဲလ်တစ်အသင်းနှင့် စာချုပ်ချုပ်ဆိုဖွယ်ရှိသည်။

အက်စတွန်ဗီလာအသင်းနည်းပြ မာတင်အိုနေးလ် ကွင်းလယ်ကစားသမား ဂရာဟမ်ဒေါ်ရန်အားခေါ်ယူလို

ဝက်စ်ရှမ်းနှင့် စကော့တလန် ကွင်းလယ်ကစားသမား ဂရာဟမ်ဒေါ်ရန်အား အက်စတွန်ဗီလာအသင်းနည်းပြ မာတင်အိုနေးလ်က ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သတင်း၌ ဖော်ပြသည်။

ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားဆု ရော်နယ်ဒင်ဟို အစွမ်းဆောင်နိုင်ဆုံးနည်းပြများအဖြစ် ဖာဂူဆန်နှင့် မာဂတ်တို့အား ရွေးချယ်

မောင်မောင်မြင့်ဆွေ စုစည်းရေးသားပြီး လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၁၂

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုတွေကို ရွေးချယ်တဲ့အခါ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)နဲ့ ကမ္ဘာကျော် အားကစား မဂ္ဂဇင်းကြီးတွေက ရွေးချယ်ဖော်ပြသလို အားကစား ကလောင်ရှင်တွေ၊ နည်းပြတွေကလည်း ရွေးချယ်ဖော်ပြလျက်ရှိပါတယ်။

ရွေးချယ်

အခုအချိန်မှာ ဗြိတိသျှမဂ္ဂဇင်းဖြစ်တဲ့ World Soccer က ဆယ်စုနှစ် အကောင်းဆုံး ဘောလုံးသမားဆုကို ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟိုကို ရွေးချယ်လိုက်ကြောင်းနှင့် ၂၀၀၉ ခုနှစ် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီကို ရွေးချယ်လိုက်ကြောင်း ဒီဇင်ဘာ ၁၁ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်ပါတယ်။

သတ်မှတ်ကာလ

၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၉ခုနှစ် အကြား၁၀နှစ်တာကာလကို သတ်မှတ်ပြီး စာဖတ်ပရိသတ်တွေရဲ့ ဆန္ဒနဲ့ အခုလို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ရော်နယ်

တိုက်စစ်မှူး ရော်နယ်ဒင်ဟို၏ ကစားဟန်။

ဒင်ဟိုဟာ အဲဒီမဂ္ဂဇင်းကပဲ ၂၀၀၄ခုနှစ်နဲ့ ၂၀၀၅ခုနှစ်တွေမှာ တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရွေးချယ်ခဲ့ပါသေးတယ်။

အကောင်းဆုံးအသင်း

ဒါ့အပြင် အဲဒီမဂ္ဂဇင်းကပဲ ၂၀၀၉ ခုနှစ် ဥရောပအကောင်းဆုံး ဘောလုံးအသင်းအဖြစ် ဘာစီလိုနာအသင်းကို ရွေးချယ်ခဲ့ပါတယ်။ ဘာစီလိုနာ အသင်းကို World Soccer မဂ္ဂဇင်း စာဖတ်ပရိသတ်တွေရဲ့ မဲဆန္ဒနဲ့ ရွေးချယ် ပေးခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့အနေအထားကလည်း ၂၀၀၉ ခုနှစ် ဥရောပအကောင်းဆုံးဘောလုံး ကလပ်အသင်းအဖြစ် ရွေးချယ်ခြင်းခံရတာလည်း ပါဝင်နေပါတယ်။

ရွေးချယ်

အဲဒီမဂ္ဂဇင်းကလည်း ၂၀၀၉ ခုနှစ် အကောင်းဆုံး ဘောလုံးအသင်းနည်းပြကို ဘာစီလိုနာအသင်းနည်းပြ ဂွာဒီရိုလာကို ရွေးချယ်ကြောင်း ဖော်ပြခဲ့ပါတယ်။ နည်းပြ ဂွာဒီရိုလာဟာ သူ့ရဲ့ဘာစီလိုနာ နည်းပြ သက်တမ်းမှာ ချန်ပီယံလိဂ်ဖလားနဲ့ လာလီဂါဖလားတွေရအောင် ထူးထူးခြားခြား စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်လို့ အခုလို ရွေးချယ်ခဲ့ခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်

အသန့်ရှင်းဆုံးနည်းပြဆု

၂၀၀၉ခုနှစ်ရဲ့ အစွမ်းဆောင်နိုင်ဆုံး နည်းပြများအဖြစ် ဝုဖ်ဘတ်အသင်း နည်းပြဟောင်း ဖီလစ်မာဂတ်နဲ့ မန်ယူနည်းပြ ဖာဂူဆန်တို့ရွေးချယ် ဖော်ပြခြင်းခံရပါတယ်။ ဖီလစ် မာဂတ်နဲ့ ဖာဂူဆန်တို့ဟာ သူတို့ရဲ့ နည်းပြတာဝန်ကိုကျေပွန်အောင် အာရုံစူးစိုက်ပြီး တာဝန်ထမ်းဆောင်တဲ့အပြင် အသင်းအောင်မြင်မှုရအောင် ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့ကြလို့ အခုလို တစ်နှစ်တာ အသန့်ရှင်းဆုံး နည်းပြတွေအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်တယ်လို့ အဲဒီမဂ္ဂဇင်းမှာဖော်ပြထားပါကြောင်း။ ။

(အင်တာနက်)

မက္ကဆီကိုတိုက်စစ်မှူး ဗီလာအား အာဆင်နယ်က နှစ်ရှည်စာချုပ်



လန်ဒန် ဒီဇင်ဘာ ၁၂

မက္ကဆီကိုတိုက်စစ်မှူး ကားလို့စ်ဗီလာအား အာဆင်နယ်က နှစ်ရှည် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အသက် ၂၀ရှိ ဗီလာသည် ၂၀၀၆ခုနှစ်က အာဆင်နယ်သို့ ရောက်လာသည်။ ယခုနှစ်ရာသီတွင် ကိုးပွဲပါဝင် ကစားပေးခဲ့ပြီး ဖြစ်သည်။

ဗီလာသည် နိုဝင်ဘာလက ဗန်ပါစီ ဒဏ်ရာရခဲ့ပြီးနောက် အာဆင်နယ်၏ အဓိက တိုက်စစ်မှူး ဖြစ်လာသည်။ တိုက်စစ်မှူး ဗီလာသည် ဘယ်သန် တိုက်စစ်မှူးဖြစ်ပြီး ၂၀၁၀ ကမ္ဘာ့ဖလားတွင် မက္ကဆီကိုအသင်း ခြေစစ်ပွဲအောင်ရေးအတွက် ၁၉ပွဲပါဝင်ကစားခဲ့ပြီး ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်က ဗီလာကဲ့သို့ အခြားသော ကစားသမားများဖြစ်သည့် အီဒူယာဒို၊ ဆန်ချက်ဝပ်၊ အဲလက်ဇ်ဆောင်း၊ နစ်ကလပ်ဘန်တနာ၊ ဒီနယ်ဆင်၊ ဗန်ပါစီ၊သီယိုဝေါလ်ကော့၊ လူးကတ်ဖာဘီယန်စကီ၊ ရမ်ဆေးနှင့် ဂျက်ဝီရှရီတို့ကိုလည်း မကြာမီက နှစ်ရှည် စာချုပ်ထားပြီးဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူး ဒိုနိုဗန်အား အဲဗာတန်ခေါ်ယူရန် အတည်ပြုပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၂

ဂလက်ဆီနှင့် အမေရိကန်တိုက်စစ်မှူး ဒိုနိုဗန်အား အငှားစာချုပ်ခေါ်ယူမည်ဖြစ်ကြောင်း အဲဗာတန်က အတည်ပြုပြောကြားသည်။

အသက် ၂၇နှစ်ရှိ ဒိုနိုဗန်အား ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က အတည်ပြုပြောကြားသည်။ တိုက်စစ်မှူး ဒိုနိုဗန်သည် အမေရိကန်အသင်းကို ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ရန် အဓိက စွမ်းဆောင်ကစားပေးခဲ့သူဖြစ်သည်။ ၎င်းသည် အမေရိကန်အသင်းအတွက် ပွဲပေါင်း ၁၂၀ပါဝင် ကစားပေးခဲ့ရာတွင် ၄၂ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

(အင်တာနက်)

မိသားစုဘဝအတွက် အချိန်ပေးတော့မည့် ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်

ယာဉ်မတော်တဆမှုကြောင့် ကမ္ဘာတစ်ဝန်း ဟိုးလေးတကျော် ဖြစ်ပွားခဲ့သူ ကမ္ဘာ့ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်သည် ၎င်း၏ ပုဂ္ဂိုလ်ရေးရာဘဝတွင် ဖြေရှင်းစရာ ပြဿနာတစ်ပုံတစ်ပင်ကြောင့် ဆုကြေးစားဂေါက်သီးလောကမှ ရက်အကန့်အသတ်မရှိ အနားယူမည်ဟု ကြေညာလိုက်ပေပြီ။

တိုက်ဂါးဝုဒ်က ၎င်းအနေဖြင့် မိသားစုအပေါ် သစ္စာမဲ့ခဲ့မှုများနှင့် ယာဉ်မတော်တဆ ဖြစ်ခဲ့မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသော စိတ်ပျက်မှုကို တဖြည်းဖြည်း သတိမူလာမိကြောင်း၊ ၎င်း လုပ်ဆောင်ခဲ့သော အမှားများကို ကြိုးစားပြီး ပြုပြင်သွားလိုကြောင်း၊ ဖြစ်ခဲ့ပြီးသော လုပ်ရပ်များအတွက်လည်း လေးလေးနက်နက် စိတ်ထိခိုက်ဝမ်းနည်းရပါကြောင်း ၎င်း၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှ တစ်ဆင့်ပြောကြားသည်။

ဝုဒ်၏ အကြီးဆုံးစပွန်ဆာ ကုမ္ပဏီဖြစ်သည့် နိုက်ခ်ကုမ္ပဏီက သူ၏ ဘေးတွင် ဆက်လက်၍ မားမားမတ်မတ် ရပ်မြဲရပ်မည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း ဝုဒ်၏အေးဂျင့်ကမူ အခြားသောစီးပွားရေးရာ စာချုပ်ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရန်မှာ တိုက်ဂါးဝုဒ်အတွက် စောလွန်းနေသေးသည်ဟု ဆိုသည်။

တောင်းဆို

အသက် ၃၃နှစ်ရှိ တိုက်ဂါးဝုဒ်က ၎င်းအနေဖြင့် ပရိသတ်များအပါအဝင် ပရဟိတလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသူများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ပီဂျီအေတိုးနှင့် ၎င်း၏ပြိုင်ဖော်ပြိုင်ဘက်များ အားလုံးက ၎င်းအပေါ် နားလည်ပေးကြစေရန် အနူးအညွတ် တောင်းဆိုလိုကြောင်း၊

ယခုအခါ ၎င်းအတွက် အရေးကြီးဆုံး အရာမှာ မိသားစုအတွက် အချိန်ပေးမှု၊ အေးချမ်းသာယာမှုနှင့် လုံခြုံဘေးကင်းမှု ဖြစ်ပြီး ယင်းလိုအပ်ချက်များကပင ၎င်း၏ မိသားစုဘဝကို စိုပြည်လှပစေမည်ဟု ပြောကြားသည်။

အတွေ့အကြုံပေါင်း မြောက်မြားစွာကို ရှာဖွေစူးစမ်းခဲ့ပြီးနောက် ၎င်းအနေဖြင့် ဆုကြေးစားဂေါက်သီးသမားဘဝမှ အကန့်အသတ်မရှိ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခင်ပွန်းကောင်းတစ်ဦး၊ ဖခင်ကောင်းတစ်ဦးနှင့် လူကောင်းသူကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်ကြောင်းလည်း ဝုဒ်က ဆက်လက်ပြောကြားသည်။

ဝုဒ်နှင့် ၎င်း၏ ကွယ်လွန်ခဲ့ပြီးသော ဖခင်တို့ ယခင်က တည်ထောင်ခဲ့သော လူငယ်များအား အကူအညီပေးသည့် တိုက်ဂါးဝုဒ်ဖောင်ဒေးရှင်းအတွက်လည်း အချိန်တချို့တစ်ဝက်ပေးရမည့် တာဝန်ရှိကြောင်း၊ ဖောင်ဒေးရှင်းသို့ မသွားရောက်နိုင်သောကာလတွင် ဖောင်ဒေးရှင်း၏လုပ်ငန်းတာဝန်များကို ၎င်း၏ဝန်ထမ်းများက ဆက်လက် ကြိုးပမ်းထိန်းသိမ်းထားကြကြောင်း ၎င်း၏ ဝက်ဘ်ဆိုက်တွင် သီးခြားဖွင့်ဟဖော်ပြသည်။

ဖော်ပြ

ဆယ်စုနှစ် တစ်ခုကျော်မျှ စပွန်ဆာ ကုမ္ပဏီနိုက်ခ်၏ အဓိက အရေးပါသူ တစ်ဦးဖြစ်ခဲ့သူ ဝုဒ်သည် လွန်ခဲ့သော ငါးနှစ်က အီလင်းအား လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါ နှစ်နှစ်အရွယ် သမီးတစ်ဦးနှင့် ၁၀လသားအရွယ်သား တစ်ဦးတို့ ထွန်းကားခဲ့ပြီဖြစ်သည်။

ကမ္ဘာ့အဆင့်တစ် ဂေါက်သီးအားကစားသမားအကျော်အမော် တိုက်ဂါးဝုဒ်ကို အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး အားလ်ဝုဒ်နှင့် ထိုင်းနိုင်ငံသူ ကူလ်တီဒါတို့က ၁၉၇၅ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင်အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆိုက်ပရက်စ်ဒေသတွင် မွေးဖွားခဲ့ပြီး မိဘများ၏အားပေးဖေးမမှု ကြောင့် ယခုကဲ့သို့ကမ္ဘာကျော် ဂေါက်သီးသမားဖြစ်လာခဲ့သည်။ ပြဿနာအချို့နှင့် ရင်ဆိုင်ခဲ့ရသူဝုဒ်သည် ယခုအခါတွင်မူ မိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝကို တည်ဆောက်ပြီးဖြစ်နေကြောင်း။

ကိုးကား-အင်တာနက်

စုစည်းရေးသားသူ ထင်ကျော်ထက်

လာမည့် ပရီမီယာလိဂ်ပြိုင်ပွဲများ လီဗာပူး အကောင်းဆုံးခြေစွမ်းပြနိုင်မည်

လန်ဒန် ဒီဇင်ဘာ ၁၂

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲအဆင့်မှ ထွက်ခဲ့ရသော်လည်း ပရီမီယာလိဂ်တွင် အကောင်းဆုံး ခြေစွမ်းပြနိုင်မည်ဖြစ်ကြောင်း နည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။

ကစားနိုင်

လီဗာပူးအသင်းတွင် အဓိကကစားသမားများဖြစ်သည့် တောရက်စ်နှင့် အကွီလာနီတို့သည်လည်း ဒဏ်ရာမှ ပြန်လည် သက်သာကွဲ့ခိုင်လာပြီဖြစ်၍ ကစားနိုင်ပြီ ဖြစ်သည်။

ပထမဆုံးဂိုး

အကွီလာနီသည် ရိုးမားမှ ပေါင်သန်း ၂၀ဖြင့်ခေါ်ယူခဲ့သော ကွင်းလယ်ကစားသမားဖြစ်သည်။ ၎င်းသည် ဖီအိုရင်တီးနားနှင့် ကစားသည့် ချန်ပီယံလိဂ်အုပ်စုပွဲတွင် ပထမဆုံးဂိုးသွင်း ယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး တောရက်စ်သည် ဒဏ်ရာကြောင့် ပြိုင်ပွဲငါးပွဲဆက်တိုက် လွဲချော်ခဲ့ရသည်။ ပြီးခဲ့သော ချန်ပီယံလိဂ်ပွဲမှစပြီး ပြန်လည်ပါဝင်ကစားသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

အာဖရိကအကောင်းဆုံး ဘောလုံးသမားဆု အီတူးဆွတ်ခူးရန် ရေပန်းစား

လန်ဒန် ဒီဇင်ဘာ ၁၂

ဆမ်မြူရယ်အီတူး၊ ဘာစီလိုနာကစားသမားဟောင်း ယာယာတိုရေးနှင့် ဆေဒိုးကီတာတို့အား အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ ရွေးချယ်ထားသည်။

ဆွတ်ခူး

အီတူးသည် အာဖရိက အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးရန် ရေပန်းအစားဆုံးဖြစ်သည်။ ၎င်းသည် အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်တိုင် ဆွတ်ခူးခဲ့ပြီးဖြစ်သည်။

ပါဝင်

ချယ်လ်ဆီးမှ ဒရော့ဘာနှင့် အက်ဆီယံတို့သည်လည်း ပဏာမရွေးချယ်စာရင်းတွင် ပါဝင်သည်။ အီတူး၊ တိုရေး၊ ဒရော့ဘာနှင့် အက်ဆီယံတို့သည် ယင်းတို့၏ နိုင်ငံများဖြစ်သည့် ကင်မရွန်း၊ အိုင်ဗရီကို့စ်နှင့် ဂါနာအသင်းတို့ကို ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲများသို့ တက်ရောက်နိုင်ရန် အဓိက စွမ်းဆောင်ကစားပေးခဲ့ကြသူများ ဖြစ်သည်။

(အင်တာနက်)



* ရှေ့ဖုံးမှ

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက်၁၀နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ် (၂၇/၀)အနီးရှိ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နယ်မြေသို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Soft Based Factory Area Zone အတွင်း ရတနာပုံ ဖိုင်ဘာကုမ္ပဏီလီမိတက်က တည်ဆောက်ထားသည့် Yadanarpon Fiber Optical Factory သို့ ရောက်ရှိကြသည်။

လိုက်လံကြည့်ရှု

စက်ရုံအတွင်း Electronic Industries Association (EIA) က သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နေသည့် ဆက်သွယ်ရေးဆက်ကြောင်းများ၌ အသုံးပြုလျက်ရှိသော ဖိုင်ဘာကေဘယ်လ်ကြိုးထုတ်လုပ်မှုအစိတ်အပိုင်းများဖြစ်သည့် ဖိုင်ဘာကြိုးမျှင် အရောင်တင်ခြင်းနှင့် ဆေးဆိုးခြင်းလုပ်ငန်းများ၊ တစ်ဆင့်ခံ အထပ်လွှာလိုင်နင်ပြုလုပ်ခြင်းများ၊ ကြိုးကျစ်ခြင်းများ၊ ထပ်ပိုးလွှာပြုလုပ်ခြင်းများစသည့် ဖိုင်ဘာကေဘယ်လ်ကြိုး ထုတ်လုပ်နေပုံအဆင့်ဆင့်ကို လိုက်လံကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် Elite Tech Manufacturing Co.,Ltd. အလုပ်ရုံသို့ ရောက်ရှိကြပြီး HUAWEI Co., Ltd. နှင့် ပူးပေါင်းထုတ်လုပ်လျက်ရှိသော မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများဖြစ်သည့် CDMA 450 MHz BTS ဆက်သွယ်ရေးပစ္စည်းများ၊ CDMA 800 MHz BTS ဆက်သွယ်ရေးပစ္စည်းများနှင့် Fixed Wireless Terminal ပစ္စည်းများ တပ်ဆင်ထုတ်လုပ်နေပုံအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် Nanowin CIGS နည်းပညာဖြင့် တည်ဆောက်အသုံးပြုလျက်ရှိသည့် နေရောင်ခြည်သုံး Solar House ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံ ဖိုင်ဘာ ကုမ္ပဏီလီမိတက်က တည်ဆောက်ထားသည့် Yadanarpon Fiber Optical Factory အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ Yadanarpon Cyber Hall ၌ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် FISCA Yadanarpon Parmyanmar Co.,Ltd. မှ ထုတ်လုပ်နေသော Digital TV Set-top Box ၊ KT-WLL ၊ Mc Will စသည့် အဆင့်မြင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ ထုတ်လုပ်တပ်ဆင်နေပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် Yadanarpon Cyber Hall သို့ ရောက်ရှိကြရာ ကြိုဆိုနေကြသည့် ရတနာပုံမြို့သစ် တည်ဆောက်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၊ အိုင်တီပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက် Cyber Hall ရှင်းလင်းဆောင်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ရတနာပုံမြို့သစ် စီမံကိန်းမြေဧရိယာ ဧက ၁၀၀၀၀အနက် ဖော်ထုတ်ပြီးစီးသည့် မြေဧရိယာ အကျယ်အဝန်း၊ စက်ရုံများနှင့် အဆောက်အအုံများ တည်ဆောက်လျက်ရှိသည့် မြေဧရိယာနှင့် ကိုယ်ပိုင်အိမ်ရာစီမံကိန်းမြေဧရိယာအခြေအနေ၊ ရေ၊ မီးနှင့် လမ်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ရတနာပုံနည်းပညာမြို့တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်ဖြစ်သော ရတနာပုံမြို့သစ်မြောက်ပိုင်း၌ အကောင်အထည်ဖော်လျက်ရှိသည့် ကိုယ်ပိုင်အိမ်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာစီမံကိန်းနယ်မြေအတွင်း လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လမ်းဖောက်လုပ်မှုနှင့် လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအခြေအနေ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ အိမ်ရာများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာကြားရာတွင် ရတနာပုံမြို့သစ်ကို မြန်မြန် ထွန်းကားစည်ပင်လာစေရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် လူနေအိမ်များကို အကွက်ကျကျ မြန်မြန်ထူထောင်နိုင်အောင် ညှိနှိုင်းဆက်စပ် လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် စီမံကိန်းပထမအဆင့် မြေဧရိယာဧက ၂၂၀၀ကိုဖော်ထုတ်၍ Teleport အဆောက်အအုံနှင့် Incubation အဆောက်အအုံ+(၇) လုံးတည်ဆောက်ပြီးစီးမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ရရှိဖြန့်ဖြူးပေးနိုင်မှု၊ ရေရရှိဖြန့်ဝေနိုင်မှု၊ ရတနာပုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ Yadanarpon Cyber Hall ၌ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြို့သစ်၌ ရင်းနှီးလျက်ရှိသည့် ကုမ္ပဏီ ၁၉ခုအဓ
Incubation ခုနစ်လုံးတို့တွင် အဆင့်မြင့်နည်းပညာ
နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ဆက်လ
ထားမှု၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဖွဲ့စ
အခြေအနေ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့်
ဖွင့်လှစ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်
ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်း
ဘာသာရပ်နယ်ပယ်အသီးသီးတွင် ကွန်ပျူတာသုံ
plications) ကို အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြ
ဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၊
စိတ်ဝင်စားကြသော ပြည်ပမှ အိုင်တီပညာရှင်များ
ပညာရှင်များ ပူးပေါင်းပါဝင်ရေးသားသော ကွန်ပျ
စနစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိရေ
ကို သုံးစွဲနိုင်သည့် အခြေအနေများကို စမ်းသပ်

ထို့နောက် MCC ကုမ္ပဏီလီမိတက် မန်နေ
အောင်က ရတနာပုံနည်းပညာမြို့တွင် ရတနာပုံတ
Group တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်
သင်တန်းကျောင်း၊ နယ်သာလန်နိုင်ငံမှ Serv

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး
facturing Co., Ltd. အလုပ်ရုံတွင် ကြည့်ရှု

တည်ထောင်ထားသော International Softwar
ရုရှားနိုင်ငံမှ Multinet Group နှင့် ပူးပေါင်းတ
Center Research & Development Center
အနေနှင့် လက်ရှိ သင်တန်းသားများ တက်ရောက်
နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့၊ ဒီပလိုမာများ ပေး
သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြသည်

ထပ်မံဖြည့်စွက်

ယင်းနောက် IGE ကုမ္ပဏီမှ မန်နေဂျင်း
ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများနှင့် အ
အလိုက် ကိုယ်ပိုင် Web Portal များ တည်ထေ
တွင်လည်း မြန်မာဘာသာစကားဖြင့် အစိုးရဌာန
အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များ၏ သတင်းအချ
သတင်းအချက်အလက်များကို စုစည်းတင်ပြရန် စီ
Web Portal လုပ်ငန်းများ ထူထောင်မှုအခြေအ
ယင်း Web Portal အား ပြည့်စုံသည်ထက် ပြ
ပြင်ဆင်နေမှုများကို ရှင်းလင်းတင်ပြသည်။

မြို့သစ်၌ ရင်းနှီးလျက်ရှိသည့် ကုမ္ပဏီ ၁၉ခုအနေဖြင့် မြေကွက် ၂၇ကွက်နှင့် Incubation ခုနစ်လုံးတို့တွင် အဆင့်မြင့်နည်းပညာသုံး ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ဆက်လက်ထုတ်လုပ်ရန် စီမံအဆိုပြုထားမှု၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာဘာသာဖြင့် ဘာသာရပ်နယ်ပယ်အသီးသီးတွင် ကွန်ပျူတာသုံးစနစ် (Computer Applications) ကို အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၊ မြန်မာဘာသာပြန်စနစ်ကို စိတ်ဝင်စားကြသော ပြည်ပမှ အိုင်တီပညာရှင်များနှင့် ပြည်တွင်းရှိ ကွန်ပျူတာပညာရှင်များ ပူးပေါင်းပါဝင်ရေးသားသော ကွန်ပျူတာသုံး မြန်မာဘာသာပြန်စနစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိရေးသားထားသော Software ကို သုံးစွဲနိုင်သည့် အခြေအနေများကို စမ်းသပ်သုံးစွဲ ရှင်းလင်းတင်ပြသည်။

ထို့နောက် MCC ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းအောင်က ရတနာပုံနည်းပညာမြို့တွင် ရတနာပုံတယ်လီပို့ ကုမ္ပဏီနှင့် MCC Group တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဆင့် ICT သင်တန်းကျောင်း၊ နယ်သာလန်နိုင်ငံမှ Servey ကုမ္ပဏီနှင့် ပူးပေါင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ Yadanarpon Cyber Hall ၌ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်ရာတွင် သတင်းအချက်အလက်နည်းပညာခေတ်၌ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် ရတနာပုံနည်းပညာမြို့ကို ထူထောင်၍ အိုင်တီစက်မှုလုပ်ငန်းများကို ပျိုးထောင်အားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် အိုင်တီစက်မှုလုပ်ငန်းများ မြန်မြန်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်အောင် ဖိဖိစီးစီး ကြိုးစားကြရန်ဖြစ်ကြောင်း။

ညှိနှိုင်းပူးပေါင်း

အိုင်တီလုပ်ငန်းစက်ရုံ၊ အလုပ်ရုံများ ထူထောင်လုပ်ကိုင်ရာ၌ လိုအပ်သောငွေကြေးအရင်းအနှီးများ စုစည်းလည်ပတ်ရေး၊ နည်းပညာ ကျွမ်းကျင်တတ်မြောက်မှု၌ နိုင်ငံတကာအဆင့်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်လေ့ကျင့်ရေး၊ နောက်ဆုံးပေါ် ခေတ်မီအိုင်တီစက်ကိရိယာများကို ဝယ်ယူတပ်ဆင် အသုံးပြုရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဟန်ချက်မိမိ လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သို့မှသာ မိမိတို့၏ အိုင်တီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်မြင်လာမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပုံစံကားချပ်များ၊ အဌမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်၌ ပြည်တွင်းပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသမည့် ခေတ်မီအဆင့်မြင့်နည်းပညာသုံး စက်ကိရိယာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

နည်းပညာ ကျွမ်းကျင်တတ်မြောက်မှု၌ နိုင်ငံတကာ အဆင့်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်လေ့ကျင့်ရေး၊ နောက်ဆုံးပေါ် ခေတ်မီ အိုင်တီစက်ကိရိယာများကို ဝယ်ယူတပ်ဆင် အသုံးပြုရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဟန်ချက်မိမိ လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သို့မှသာ မိမိတို့၏ အိုင်တီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်မြင်လာမှာဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ Elite Tech Manufacturing Co., Ltd. အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စာပေညွှန်ကြားရေးမှူးနှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တည်ထောင်ထားသော International Software Development Center၊ ရုရှားနိုင်ငံမှ Multinet Group နှင့် ပူးပေါင်းတည်ထောင်ထားသော Data Center Research & Development Center များ ထူထောင်ပြီးစီးမှု အခြေအနေနှင့် လက်ရှိ သင်တန်းသားများ တက်ရောက်နေမှု၊ သင်တန်းသားများအား နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့၊ ဒီပလိုမာများ ပေးအပ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထပ်မံဖြည့်စွက်

ယင်းနောက် IGE ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေအောင်က ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံအလိုက် ကိုယ်ပိုင် Web Portal များ တည်ထောင်သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မြန်မာဘာသာစကားဖြင့် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များ၏ သတင်းအချက်အလက်များ၊ နိုင်ငံတကာသတင်းအချက်အလက်များကို စုစည်းတင်ပြရန် စီစဉ်ထားသော Yadanarpon Web Portal လုပ်ငန်းများ ထူထောင်မှုအခြေအနေ၊ စမ်းသပ်လွှင့်တင်ထားမှု၊ ယင်း Web Portal အား ပြည့်စုံသည်ထက် ပြည့်စုံအောင် ထပ်မံဖြည့်စွက်ပြင်ဆင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထူးခြားသည့် ညအပူချိန်

၁၂-၁၂-၂၀၀၉

ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၀	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅	ဒီဂရီစင်တီဂရိတ်
မင်းတပ်မြို့	၆	ဒီဂရီစင်တီဂရိတ်
ကသာမြို့	၆	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၆	ဒီဂရီစင်တီဂရိတ်

အောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'ဝပ်'သည် အနောက်မြောက်ဘက်သို့ အနည်းငယ် ရွေ့လျားခဲ့ကာ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သန့်စင်သော သွေးသွင်းကုသမှု မှသည်....

ဒေါက်တာသီတာအောင်
(တာဝန်ခံဆရာဝန်ကြီး၊ အမျိုးသားသွေးဌာန)

ကျန်းမာရေးဝန်ကြီးဌာနက (၃၃)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် (တနင်္လာနေ့)တွင် သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်း အခမ်းအနားတွင် သွေးလှူသည့် အကြိမ် (၅၀)အထက် သွေးလှူရှင်စုစုပေါင်း ၆၅၄ဦးကို ဂုဏ်ပြုမည်ဖြစ်သည်။

နိုင်ငံတော်က သွေးလှူရှင်များ၏ ကျန်းမာရေးကို ကာကွယ်ပေးလိုသည့်အတွက် လေးလတစ်ကြိမ်သာ သွေးလှူဒါန်းသင့်ကြောင်း သတ်မှတ်ပေးခဲ့သည်။ သွေးလှူရှင်ဂုဏ်ပြုပွဲ တက်ရောက်ခွင့်ရသည့် သွေးလှူရှင်ကြီးများသည် အကြိမ် (၅၀)အထက် လှူဒါန်းဖူးသူများဖြစ်ရပြီး ငါးကြိမ်ထပ်မံလှူဒါန်းပြီးမှ သွေးလှူရှင်ဂုဏ်ပြုပွဲသို့ ထပ်မံတက်ရောက်ခွင့်ရခြင်းဖြစ်သည်။ သွေးလှူရှင်တစ်ဦးအနေဖြင့် လေးလတစ်ကြိမ် မှန်မှန်လှူဒါန်းခြင်းပြုပါက နှစ်နှစ်လျှင်တစ်ကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ အများအသက်ချမ်းသာရေးအတွက် တစိုက်မတ်မတ်ကြိုးစားလှူဒါန်းခဲ့ကြသော စေတနာသွေးလှူရှင်ကြီးများ၏ စွမ်းဆောင်မှုသည် လေးစားထိုက်သော ပါရမီမြောက် ကြိုးပမ်းမှုများဖြစ်သည်။

ဤကဲ့သို့ စဉ်ဆက်မပြတ်လှူဒါန်းနိုင်ရန် ၎င်းတို့၏သွေးနီအားမှာ အမျိုးသားတွင်(ရာခိုင်နှုန်း ၁၂ ဂရမ်)၊ အမျိုးသမီးတွင် (ရာခိုင်နှုန်း ၁၁ ဒသမ ၅ ဂရမ်)ပြည့်မီအောင် အသီးနှင့်ယှဉ်ကာ နေထိုင်စားသောက်ရသည်။ ထို့အပြင် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ ကူးစက်မခံရရန် အန္တရာယ်ရှိသော လူနေမှုစနစ်များ၊ အပြုအမူများကို ရှောင်ကြဉ်ရသည်။ အထူးသဖြင့် လိင်အပျော်အပါး လိုက်စားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်နေထိုင်ကြ၍သာ အချိန်မှန်မှန် ပြန်လည်လှူဒါန်းခွင့် ရနေခြင်းဖြစ်ပေသည်။ အကြိမ်များစွာ သွေးလှူဒါန်းနိုင်ခြင်းသည် ၎င်းတို့၏ အသိဉာဏ်ပညာဖြင့် မိမိကျန်းမာရေးကို ဂရုစိုက်နေထိုင်ခြင်း၊ သတိတရားကြီးမားစွာဖြင့် ကိုယ်ကျင့်တရားစောင့်ထိန်းခြင်းတို့ကို ညွှန်ပြနေပေသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူနာများဆေးကုသရာတွင် ငွေကြေးဖြင့် ဝယ်ယူ၍မရသော စေတနာ သွေးလှူရှင်များ၏ ကူညီပံ့ပိုးမှုများကို လေးစားကြောင်းပြသလို၍ နှစ်စဉ်သွေးလှူရှင် ဂုဏ်ပြုပွဲကို ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ စဉ်ဆက်မပြတ် လှူဒါန်းနေသော သွေးလှူရှင်ကြီးများ၏ လှူဒါန်းခြင်းသည် လူနာများအတွက် လိုအပ် သောသွေးကို အချိန်မီလုံလောက်စွာ ရရှိနိုင်ရေးသာမက သွေးသွင်းကုသမှု၏ အဓိကအန္တရာယ်ဖြစ်သော ရောဂါပိုး ကူးစက်ခြင်းကို ၁၀၀ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည်။

တတ်ကျွမ်းသော ပညာရှင်များဖြင့် စမ်းသပ်သောနည်းစနစ်များသည် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုး များကို ၁၀၀ရာခိုင်နှုန်း ကာကွယ်မှု မပေးနိုင်ပါ။ ယခုခေတ် အသုံးများလာပြီဖြစ်သော ရောဂါပိုး၏ တည်ဆောက်မှု ပစ္စည်းများကို တိုင်းတာနိုင်သည့် NAT (Nucleic Acid Amplification) ကို အသုံးပြုစစ်ဆေးပါက ပိုးဝင်ပြီး နှစ်ပတ်ခန့်ကြာမှ စမ်းသပ်မှုတွင် အန္တရာယ်ရှိကြောင်း ပြသမည်။ ထိုပိုးကို ခန္ဓာကိုယ်မှ ပြန်လည်တိုက်ခိုက်သော ပဋိပစ္စည်းများကို စစ်ဆေးပါက ပိုးဝင်ပြီး သုံးလမှ ခြောက်လကျော်မှသာ အန္တရာယ်ရှိကြောင်း စစ်ဆေးမှုတွင် ပြသ မည်ဖြစ်သည်။ စစ်ဆေးမှုမှ အန္တရာယ်မရှိဟု ညွှန်ပြသောကြောင့် သွေးသွင်းကုသမှုတွင် အသုံးပြုမိသော ရောဂါပိုး ရှိပြီး သွေးများသည် လူနာများအတွက်သာမက ၎င်း၏မိသားစုတစ်ခုလုံးအတွက်ပါ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံးအတွက် ဒုက္ခပေးနိုင်သည်။ ကမ္ဘာပေါ်ရှိ (AIDS) ရောဂါခံစားရသော လူနာများ၏ ၁၅ရာခိုင်နှုန်း သည် ဤကဲ့သို့ သွေးသွင်းကုသမှုများမှ ကူးစက်ခံရခြင်းဖြစ်သည်။

ယခုအခါ မည်သည့်အကျိုးမှ မမျှော်ကိုးဘဲ မိမိတို့ကိုယ်ကိုကျန်းမာအောင် ထိန်းသိမ်း၍ လူနာများ၏အသက်ကို ကယ်တင်နိုင်ရန် စွမ်းဆောင်ပေးမှုများ သိသိသာသာ တိုးတက်လာကြောင်းကို သွေးလှူဘဏ်စာရင်းဇယားများအရ တွေ့ရှိရသည်။ ထို့ပြင် မိမိတို့လှူဒါန်းသောသွေးကို တာဝန်သိသိဖြင့် တာဝန်ယူမှုကြောင့်လည်းကောင်း၊ သွေးလှူရှင်များ များပြားအောင် စုဆောင်းပေးသူများ၊ သွေးလှူရှင်များအတွက် ထောက်ပံ့ပေးသူများ၏ ကျေးဇူးကြောင့်လည်းကောင်း၊ လှူဒါန်းပြီးသွေးများတွင် စစ်ဆေးတွေ့ရှိရသော ပိုးတွေ့ရှိမှုများမှာလည်း လက်ခံနိုင်သော အတိုင်းအတာအထိ ကျဆင်း လာကြောင်း တွေ့ရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးပညာဌာနနှင့် ပြည်သူများ၊ မီဒီယာများ၏ ထောက်ပံ့ပေးမှုသည် သွေးလှူဒါန်း လိုသူများ ပိုမိုများပြားလာခြင်းအတွက် အဓိကအထောက်အကူ ဖြစ်စေသည်။

သွေးလှူဘဏ်ဝန်ထမ်းများ၏ စနစ်ကျစွာ ဆောင်ရွက်ပေးသော သွေးလှူရှင် စိစစ်ရွေးချယ်ခြင်းမှာလည်း အန္တရာယ်ကင်းသော သွေးသန့်ရရှိမှုအတွက် အရေးကြီးသော အထောက်အကူတစ်ရပ် ဖြစ်သည်။ ထို့အပြင် စေတနာ သွေးလှူရှင်များ၏ သွေးလှူဒါန်းမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် လွယ်ကူစွာ ကူးစက်ပြန့်ပွားနိုင်သော အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံပေးခြင်းသည်လည်း သန့်စင်သော သွေးသွင်းကုသမှုအတွက် အလွန် ထိရောက်သော ကာကွယ်မှုတစ်ရပ်ဖြစ်ပေသည်။ ၂၀၀၉ခုနှစ်မှစ၍ ငါးနှစ်အတွင်း မြန်မာနိုင်ငံအတွင်းရှိ သွေးလှူရှင် များအားလုံးကို ကာကွယ်ဆေးထိုးနိုင်ရန် မြန်မာ့ဘရူဝါရီကုမ္ပဏီက ကြိုးစားနေသည်။ ယခုနှစ်တွင် ပုသိမ်၊ သထုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာမြို့များရှိ သွေးလှူရှင် ၂၀၀၀အား သုံးကြိမ်တိုင် ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သဖြင့် ၎င်းဒေသ၏ လူနာများအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။

ထို့ကြောင့် အန္တရာယ်ကင်းသည့် သွေးသွင်းကုသမှုဖြင့် လူနာများ အသက်ကယ်နိုင်ရန် စွမ်းစွမ်းတမံ ဆောင်ရွက် ပေးခဲ့ကြသော စေတနာရှင်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့်အတူ ပြည်သူများ၏ ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင် ကူညီမှုများကို ကျေးဇူးတင်ပါကြောင်းနှင့် ဆက်လက်၍လည်း ကူညီအားပေးကြစေလိုပါကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။

သားပျက်၊ သားလျှော ပြုစုကုသပေးခြင်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲ နေပြည်တော်တပ်ကုန်း၌ ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၂

နေပြည်တော်တပ်ကုန်း ကျန်းမာရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၀၉ ခုနှစ် သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သံဃာ့ဆောင်၌ကျင်းပရာ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန်များ နှင့် ကျန်းမာရေးမှူးများ၊ ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင် က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝါဝါညွှန့်ရွှေက သားပျက်၊ သားလျှောလူနာများအား ပြုစု ကုသခြင်းအကြောင်းဆွေးနွေးပြီး မျိုးဆက် ပွား ကျန်းမာရေးစီမံချက်မှ (Field Officer) ကွင်းဆင်းအရာရှိ ဒေါက်တာမြင့်မြင့်သန်းက လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ အကြောင်း အသိပေးဆွေးနွေးပြီး သင်တန်း ကို ဆက်လက်ပို့ချသည်။

(ဝ၉၁)

လေးမျက်နှာမြို့နယ်၌ အလင်းပန်းစာကြည့်တိုက်ပန္နက်တင်

လေးမျက်နှာ ဒီဇင်ဘာ ၁၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာ တွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ် မည့် အလင်းပန်းစာကြည့်တိုက် ပန္နက်တင် ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇောလှ၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့် သိန်း၊ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသိန်း ထွန်းတို့က ပန္နက်တင်ပေးကြသည်။

အလှူငွေပေးအပ်

ထို့နောက် စာကြည့်တိုက်ဆောက်လုပ် ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ နိုင်ငံတော် ခွင့်ပြုငွေကျပ် ၁၀သိန်းမှ ပထမအရစ်ငွေကျပ် ငါးသိန်းကို မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက ပေးအပ်ရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ခံယူပြီး အဆိုပါ စာကြည့်တိုက် ဆောက်လုပ်ရေးအတွက် ကျေးရွာအလှူရှင် ဦးအေးဝင်းက ငွေကျပ် ငါးသိန်း လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက လက်ခံယူ သည်။

(ခရိုင် ပြန်/ဆက်)

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ) မိတ်ဆုံ စားပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီးရှိ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

ဧည့်ခံကျွေးမွေး

အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် ဖိတ်ကြားထားပြီး မိတ်ဆုံစားပွဲသို့ တက်ရောက်လာသူများအား ရခိုင်မုန့်တီ၊ ဒေသ ထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(၂) မှုဒုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အထက်တန်းကျောင်း (ယခင် A.B.M / A.V.M ကျောင်း)၌ ပညာသင်ကြားပေး ခဲ့ကြသော အသက်(၆၀)နှင့် အထက် အငြိမ်းစား ဆရာ ဆရာမကြီး ၇၈ဦးတို့အား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာဦးစိုးမြင့်ဝင်း ဖုန်း-၀၅၇-၇၀ ၀၅၅၊ ဒေါက်တာ ဒေါ်မြင့်မြင့်ခင် ဖုန်း-၀၅၇- ၇၀၂၄၀၊ ဒေါက်တာ ဒေါ်ခင်အေးမူ ဖုန်း-၀၅၇-၇၀၀၇၂၊ဒေါ်ယဉ်တီ(အထက-၂ တာဝန်ခံကျောင်းအုပ်) ဖုန်း -၀၅၇-၇၀ ၀၂၈၊ ဦးမောင်မောင်သန်း ဖုန်း-၀၅၇-၇၀ ၇၀၄၊ ဦးသန်းထွန်း ဖုန်း-၀၅၇- ၇၀၁၂၉နှင့် ဦးမြင့်သိန်း ဖုန်း-၀၅၇-၇၀၄၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၂

မန္တလေး မဟာသကြၤန်စာကို အတု လုပ်၊ အယောင်ဆောင်၍ ဧည့်စာရင်းစစ်သူ အရေးယူခံရ၊ မျက်နှာတစ်ခြမ်း မျက်စိ တစ်လုံးနှင့်ကလေး ခွဲစိတ်ပြီးစီး၊ နေမျိုး ထွန်းကြီး သဘော်ဆယ်ယူရာမှ အလောင်း ခြောက်လောင်း ထပ်မံတွေ့ရှိ၊ စက်မှု လုပ်ငန်းများတွင် ဂျာမနီမှ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်၊ ရန်ကုန်မြို့မှာ အင်တာနက်ဆိုင်များ တစ်နိုင်ငံလုံး၏ ၇၆ ရာခိုင်နှုန်းရှိနေ၊ ထိုင်းနိုင်ငံ ကုန်စည် ပြပွဲ မြန်မာလုပ်ငန်းရှင်များ တက်ရောက် နိုင်၊ နယ်စပ်တမူးမြို့က ဂျာနယ်ဈေးကွက်၊ ဒုတိယအကြိမ်မြောက် ကိုကိုးကျွန်း လှေလှော်ရေးခရီးစဉ် စတင်ပြီ၊ တစ်ကျပ် သားလျှင် ကျပ်နှစ်သောင်းကျသွားတဲ့ ရွှေဈေး၊ မောင်သန်းဆွေ (ထားဝယ်)၏ နဝဒေးလမ်း၏ နိဒါန်း၊ ဘုရင့်နောင် ကုန်တင်ကားဂိတ်တွင် ကုန်တင်မည်ဆိုပြီး ငွေလိမ်သူ ဖမ်းမိ၊ ဆုကြေးငွေကို FEC နှင့် ချီးမြှင့်မည့် မကွေးဓာတ်ပုံပြိုင်ပွဲ၊ ကိတ်မုန့်ချစ်သူ ဒင်နီယယ်ဟာန်နရီ၊ ပရိသတ်အကြိုက် မိုးမြေချစ်သူဇာတ်လမ်း ထဲက Jeanett AW၊ အစိမ်းရောင် ဇာတ်လမ်းလေးတစ်ပုဒ်မှ ကိုရီးယား ဇာတ်လမ်းနှင့် မြန်မာဇာတ်လမ်း၊ သွေးလွှန်တုပ်ကွေး ကလေးများသာမက လူကြီးများပါ သတိထား၊ တရုတ်စာ တရုတ်စကား သင်ကြားမလားနှင့် အိမ်ရှေ့ အပေါ် အရေးယူရင် တူရကီလက်မခံ၊ ရုရှားမှာ နှစ်စဉ် လူ ၁၅၀၀၀ ခန့် သေဆုံး ရသည့် မီးလောင်မှု အိန္ဒိယနှင့် ရုရှား လက်နက်စာချုပ် ချုပ်ဆိုစတဲ့ နိုင်ငံတကာ ရေးရာ သတင်းများ၊ လူသတ်မှုကျူးလွန် လို့ ထောင် ၂၆နှစ် အကျခံရတဲ့ အမေရိကန် သူ၊ မော်ဒယ်လ်တွေကို အားကျလို့ ပိန်လွန်း၍ စိတ်ဓာတ်ကျ အိပ်ဆေးသောက် သေသူ၊ ညားခါစဇနီးကိုမှ လည်မျို ညှစ်သတ်သူ စတဲ့ နိုင်ငံတကာ လူမှုရေး သတင်းများနှင့်အတူ အတွဲ ၅၊ အမှတ် ၂၀ News Watch (စောင့်ကြည့်)ကို ထုတ်ဝေ ဖြန့်ချိထားသည်။

(သတင်းစဉ်)

ပရီမီယာကော်ဖီ တေးသံရှင်နှင့် ကိုရီးယားဂျင်စင်းအားဆေး အလှမယ် နောက်ဆုံးအဆင့်ရွေးချယ်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

Premier Coffee Company နှင့် Ginsetin ကိုရီးယားဂျင်စင်း အားဆေးတို့က ကြီးမှူး၍ တေးသံရှင် ရွေးချယ်ပွဲနှင့် အလှမယ်ရွေးချယ်ပွဲကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ယှဉ်ပြိုင် ကျင်းပရာ Premier Coffee တေးသံရှင် ရွေးချယ်ပွဲမှ တေးသံရှင် ၄၀နှင့် Ginsetin အလှမယ် ရွေးချယ်ပွဲမှ အလှမယ် ၂၅ဦးတို့ကိုရွေးချယ် ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာ အရ ဒီဇင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့ Capital Hypermarket ၌ နောက်ဆုံး အဆင့် ရွေးချယ်ပွဲကို ကျင်းပသွားမည် ဖြစ်သည်။ ဆုချီးမြှင့်မည့် အစီအစဉ်အဖြစ် Premier Coffee နောက်ဆုံးအဆင့် တေးသံရှင်ဆုနှင့် Ginsetin နောက်ဆုံး အဆင့်အလှမယ်ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်သည်။

ကြိုတင်သတင်းပို့

ပါဝင်ယှဉ်ပြိုင်မည့် သူများသည် သက်ဆိုင်ရာရုံးခွဲများနှင့် နယ်ကိုယ်စားလှယ် များထံတွင် ပါဝင်ယှဉ်ပြိုင်မည့် သီချင်း CD များကို ထုတ်ယူနိုင်သည်။ ပြိုင်ပွဲဝင် များသည် ယှဉ်ပြိုင်မည့်ရက် မတိုင်မီ သုံးရက် ကြိုတင်သတင်းပေးပို့ထားပြီး ဖြစ်ရမည်။ ယင်းနောက်ပိုင်း သတင်းပို့သော ပြိုင်ပွဲဝင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

အဆိုပါ ယှဉ်ပြိုင်သူများအတွက် ဒီဇင် ဘာ ၁၄ရက်တွင် Capital Hypermarket Floor Area ၌ ပဏာမယှဉ်ပြိုင်ပြီး ၎င်းတို့ အထဲမှ ရွေးချယ်ခံရသူများအား ဒီဇင်ဘာ ၁၅ရက်တွင် ထပ်မံရွေးချယ်မည် ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အမှတ် (299-A) မြမာလာ လမ်း သာကေတစက်မှုဇုန် သာကေတ မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၄၁၁၆၃၊ ၀၉-၈၆-၄၁၁၆၄၊ ၀၉-၈၆-၁၉၀၃၇၊ ၀၉-၈၆ -၁၉၀၃၈နှင့် Ginsetin ကုမ္ပဏီ ဖုန်း-၀၉-၈၆-၄၁၁၆၆ တို့သို့ လည်း ကောင်း၊ နယ်ကိုယ်စားလှယ်များထံတွင် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးရုံးရှေ့ မြင်းခြံ-မန္တလေး ကားလမ်းမကြီးဘေး မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကလေးတွေ ဆင်ခြင်နိုင်အောင်၊ လိမ္မာရေးခြားရှိစေအောင် ရေးသားခဲ့တာပါ

ကလေးစာပေဆုရ -ရေနံ့မြေမောင်မောင်ကြည်

စီးပွားဖြစ်စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးချင်စိတ်ပေါ်လာအောင် ရေးသားထား

သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ-အောင်စိုး(စိုက်ပျိုးရေး/၁၀၇)

အမေး/အရေး-မောင်မောင်မြင့်ဆွေ၊ဝင်းကျော် ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်)၊ အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-အေးအေးလွင်(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာ့စာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေကိုမြတ်နိုးကာ ပြည်သူများအား အသိပညာမြင့်မားစေရန် အပတ်တကုတ်ရေးသားပြုစုခဲ့ကြသော မြန်မာ့စာပေပညာရှင်ကြီးများအား နိုင်ငံတော်က နှစ်စဉ်အမျိုးသားစာပေဆုများ ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။ ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသော စာပေပညာရှင်များအား သတင်းထုတ်ပြန်ခဲ့ပြီဖြစ်ရာ အမျိုးသားစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်အချို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဆက်လက်ဖော်ပြလိုက်ရပါသည်။

သုတပဒေသာ(ဝိဇ္ဇာ)ဆု

မြန်မာ့အလင်းသတင်းအဖွဲ့သည် သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်၌ **ရာဇဝင်ထဲမှာပုဏ္ဏား**စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးဆရာဒေါက်တာဒဂုန်(Ph.D)နှင့် ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ "မြန်မာနိုင်ငံကို ပုဏ္ဏားတွေရောက်ရှိခဲ့တာနှစ်ပေါင်း ၁၀၀၀ကျော် ရှိပြီဖြစ်ပေမယ့် လူတိုင်းထည်ထည်ဝင်ဝင် မသိကြဘူး။ ပုဏ္ဏားတွေအနေနဲ့ မြန်မာ့ရာဇဝင်နဲ့သမိုင်းမှာ ဘယ်လိုပါဝင်ခဲ့တယ်။ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာတွေ ပြည်သူတွေသိရှိအောင် တစ်နှစ်ခွဲကြာ လေ့လာရေးသားခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။ ပုဏ္ဏားဆိုတာ လူမျိုးမရှိပါဘူး။ ဇာတ်စနစ် အရ တည်ရှိနေတာပါ။ ဒါတွေ ပြည့်ပြည့်စုံစုံ ရေးသားထားပါတယ်။ အခုလို နိုင်ငံတော်က အမျိုးသားစာပေဆုရွေးချယ်တော့ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူစိတ်ဖြစ်ရပါတယ်"ဟု ရွှင်လန်းစွာဖြင့် မြန်မာ့အလင်းသို့ပြောကြားသည်။

"ကလေးအရွယ်ကတည်းက မမှားသင့်တာ မမှားအောင် အသိအမြင်ရစေဖို့ပါ။"
ရေနံ့မြေမောင်မောင်ကြည်။

စာပေရေးသား

စာရေးဆရာ ဒေါက်တာဒဂုန်(Ph.D)၏ အမည်ရင်းမှာ မောင်ဒဂုန်ဖြစ်ပြီး ရန်ကုန်မြို့တွင် ၁၉၄၈ခုနှစ် ဇူလိုင် ၂၀ရက်၌ မွေးဖွားခဲ့သည်။ ဖခင်မှာ ဆရာကြီးဦးရာမဖြစ်ပြီး ၁၉၆၂ခုနှစ်မှစတင်ကာ စာပေများရေးသားခဲ့သည်။ ယခုအချိန်အထိ ဗေဒင်လက္ခဏာကျမ်းပေါင်း အုပ်၁၀၀ကျော်၊ ဘာသာရေးနှင့် တက်ကျမ်းစာအုပ်ပေါင်း ၈၀ကျော်နှင့် အခြားစာအုပ်ပေါင်း ၃၀ကျော် ရေးခဲ့သူဖြစ်ပြီး စာအုပ်များဆက်လက်ရေးသားလျက်ရှိသူဖြစ်သည်။

"ပုဏ္ဏားတွေအကြောင်း သိရှိစေချင်လို့ပါပဲ"
ဒေါက်တာဒဂုန်(Ph.D)။

ကလေးစာပေဆု

ထို့နောက် ဆုရရှိသူများထဲမှ ကလေးစာပေဘာသာရပ်တွင် **ချစ်စရာ့ကလေးများ(ကလေးဝတ္ထုတိုများ)** စာအုပ်ဖြင့် ဆုရရှိသူ ရေနံ့မြေ မောင်မောင်ကြည်အား တွေ့ဆုံမေးမြန်းရာတွင်-

"ကျွန်တော် ၁၉၆၈ ခုနှစ်မှာ မြဝတီစာပေတိုက်ကို စရောက်ပါတယ်။ ရာထူးအဆင့်ဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီနေ့အထိ တာဝန်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်နေပါတယ်။ အခု ဆုရတဲ့ စာအုပ်ကို ကိုယ့်မှာရှိတဲ့ အရင်းအနှီးနဲ့ ကြိုးစားပြီး ထုတ်ဝေခဲ့တာပါ။ ဆုရတဲ့ အတွက် မြဝတီစာပေတိုက်ကို ကျေးဇူးဆပ်ရာလည်း ရောက်ပါတယ်။ ဒီဆုရစာအုပ်မှာ ကလေးဝတ္ထုတို အပုဒ် ၃၀ပါပါတယ်။ ကလေးတွေရဲ့ဘဝမှာ ဖြစ်လေ့ဖြစ်ထ ကြုံတွေ့ရလေ့ရှိတဲ့ အကြောင်းလေးတွေကို အခြေခံပြီး ကလေးတွေ ဆင်ခြင်နိုင်အောင်၊ မမှားအောင် လိမ္မာရေးခြားရှိစေရန် ရေးသားတာပါ။"

ကလေးစာပေ ရေးသားရခြင်း ရည်ရွယ်ချက်ကို ဆက်လက်မေးမြန်းရာတွင်-

"ကလေးဆိုတာ တစ်ချိန်မှာ နိုင်ငံ့တာဝန် ထမ်းဆောင်ရမယ့်သူတွေပါ။ ဒါကြောင့် ယခုကလေးအရွယ်ကတည်းက မမှားသင့်တာမမှားအောင် အသိအမြင်ရစေဖို့ပါ။ ကလေးစာပေဆိုတာကလည်း ရေးသားတဲ့သူနည်းတယ်လေ။ ဒါကြောင့် ကလေးတွေအတွက် အကျိုးပြုတဲ့ စာတွေကို ရေးသားဖြစ်တာပါ။"

ဆရာ ရေနံ့မြေ မောင်မောင်ကြည်သည် ၂၀၀၂ ခုနှစ်တွင် **ပန်းပွင့်ကလေးများ မွေးပါသည်** လူငယ်ဝတ္ထုတိုများစာအုပ်ဖြင့် အမျိုးသားစာပေဆု(လူငယ်စာပေ) ဘာသာရပ်တွင် ပထမအကြိမ် ဆုရရှိဖူးသည်။ မောင်ကြည်သစ်ဦး ကလောင်အမည်ဖြင့်လည်း ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားကြောင်း၊ ဆက်လက်၍လည်း ကလေးစာပေနှင့် လူငယ်စာပေများကို ဆက်လက်ရေးသားဦးမည်ဖြစ်ကြောင်း ပီတိအပြုံးဖြင့် အားရတက်ကြွစွာ သတင်းအဖွဲ့သို့ ဖြေကြားခဲ့သည်။

သုတပဒေသာ(အသုံးချသိပ္ပံ)ဆု

ဆက်လက်၍ သုတပဒေသာ(အသုံးချသိပ္ပံ) ဘာသာရပ်တွင် **ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ** စာအုပ်ဖြင့် ဆုရရှိသူ အောင်စိုး(စိုက်ပျိုး/၁၀၇) အား တွေ့ဆုံ၍ ဆုရရှိမှုနှင့်ပတ်သက်ပြီး မေးမြန်းမိရာတွင်-

"ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအဓိကလုပ်ကိုင်တဲ့ နိုင်ငံပါ။ အဲဒီတော့ စိုက်ပျိုးရေး နည်းပညာနဲ့ ပတ်သက်ပြီး လုပ်ကိုင်တတ်အောင်၊ စီးပွားရှာနိုင်အောင် ရေးတာပါ။

ဒီဆုရတဲ့ စာအုပ်ဟာ စိုက်ပျိုးရေးအပျော်တမ်းလုပ်ဖို့အတွက် မဟုတ်ပါဘူး။ မြေနေရာရရှိမှု နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်ပိုင်တစ်နိုင်မှစ၍ မြေဧကများစွာအထိ စိုက်ပျိုးရေးပညာနဲ့ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ရေးထားပါတယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်၊ အရိပ်ရပင်၊ အလှပင်၊ Landscape အပင်များအကြောင်းကို အပိုင်းလိုက် ရေးသားထားပါတယ်။

နောက်ပြီးအပင်စိုက်ရာမှာ အဓိကကျတဲ့ မြေအမျိုးအစား ရွေးချယ်မှုလည်း ဖော်ပြထားတယ်။ မြေအနေအထားသိမှ စိုက်ပျိုးနိုင်မယ့်အပင်ကို ရွေးချယ်နိုင်မှာပါ။ ပြီးတော့ အပင်တွေရဲ့အနေအထားကိုကြည့်ပြီး အပင်များနဲ့စကားပြောခြင်းဆိုတဲ့ အပင်တွေရဲ့အလေ့အထသဘောကိုလည်း ရေးထားပါတယ်။

ဒီစာအုပ်မှာ စိုက်ပျိုးရေးလုပ်ချင်တယ်လို့ စကားတစ်ခွန်းပြောတာနဲ့စီးပွားဖြစ် စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးချင်စိတ်ပေါက်လာအောင် အသေးစိတ်ရေးသားထားပါတယ်။ ဒီစာအုပ်ကို ဖတ်ပါ၊ လုပ်ကြည့်ပါ၊ အကျိုးရှိမှာပါ"ဟုစိုက်ပျိုးရေးပညာအတွက် တိုက်တွန်းစကားကို တက်တက်ကြွကြွဖြင့် ဖြေကြားပေးခဲ့သည်။

ဆရာအောင်စိုး (စိုက်ပျိုး/၁၀၇)ကို ၁၉၃၉ ခုနှစ် ဇွန် ၂၅ရက်တွင် အဖဦးရွှေ၊ အမိ ဒေါ်မုန်းတို့က မွေးဖွားခဲ့သည်။ **သန်းရှစ်ဆယ်ဖြစ်လာခဲ့လျှင်** စာအုပ်ဖြင့် စာပေဗိမာန်စာမူဆု(၁၉၉၈)နှင့် **ပို့စ်ဟာဗက်**

"စိုက်ပျိုးရေးပညာနဲ့ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ရေးထားပါတယ်။"
အောင်စိုး (စိုက်ပျိုး/၁၀၇)။

ဆွတ်ခူးပြီးနောက်ဝယ် စာအုပ်ဖြင့်လည်း စာပေဗိမာန်စာမူဆု(၂၀၀၇)သုတပဒေသာ(အသုံးချသိပ္ပံ)ဘာသာရပ်၌ ပထမဆုများ ရရှိခဲ့သည်။ ဆက်လက်၍လည်း နိုင်ငံအတွက် အကျိုးရှိစေမည့် စိုက်ပျိုးရေးပညာပေးစာအုပ်များ ရေးသားဦးမည်ဖြစ်ကြောင်း ပြောပြသည်။

အားပေးဂုဏ်ပြု

စာပေသည်အသိဉာဏ်ကို ဖွင့်လှစ်ပေးသော အလင်းတံခါးများဖြစ်ပါသည်။ စာဖတ်သူများအား အသိဉာဏ်အလင်းတံခါးများ ဖွင့်ပေးသော စာရေးဆရာကြီးများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသောအားဖြင့် ဤကဲ့သို့ အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပေးခြင်းသည် မြန်မာ့စာပေလောက ပိုမိုဖွံ့ဖြိုးရန်နှင့် စာရေးဆရာကြီးများ၏ စာပေအလင်းရောင်များ ပိုမိုထွန်းလင်းနိုင်ရန် အားပေးဂုဏ်ပြုခြင်းဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဤကဲ့သို့အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပေးခြင်းသည် မြန်မာ့စာပေလောက ပိုမိုဖွံ့ဖြိုးရန်နှင့် စာရေးဆရာကြီးများ၏ စာပေအလင်းရောင်များ ပိုမိုထွန်းလင်းနိုင်ရန် အားပေးဂုဏ်ပြုခြင်းဖြစ်။

စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ပေါ်ရေး မရမ်းကုန်း ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၂

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ရက်က အမှတ် (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးမိုးဆွေက စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်မည့်အခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၁၉၈၃ခုနှစ် ဘွဲ့ရကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ၁၉၈၃ခုနှစ် ဘွဲ့ရကျောင်းသားများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းနေဖက် သူငယ်ချင်းများ လာရောက်ကြရန်နှင့် ဦးနိုင်လွင် ဖုန်း-၀၉-၅၀၁၇၉၃၂၊ ဒေါ်ရွှေမိ ဖုန်း-၀၁-၅၅၇၉၀၈၊ ၀၁-၅၅၇၇၅၉၊ ဒေါ်ခင်မိုးခိုင် ဖုန်း-၀၁-၅၄၄၇၆၇၊ ဒေါ်သိန်းသိန်းအောင် ဖုန်း-၀၁-၅၄၇၅၂၈နှင့် ဦးကြည်စိုး ဖုန်း-၀၄၂-၂၄၂၅၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၁၃၅)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုသည် နိုဝင်ဘာ ၁၉ ရက်က ပေါင်-ထန်းပင်ချောင်ကြီး မော်တော်ကားလမ်းပေါ်ရှိ လမ်းတံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် အမှုဆောင်အရာရှိ ဦးကျော်သူတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လာမည့်သောကြာ ပင်လယ်ကိုဖြတ်၍ ရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၁၂

စနိုးဝှိုက်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုလွင်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မောင်ဦး(စနိုးဝှိုက်) ရိုက်ကူးတင်ဆက်သည့် ပင်လယ်ကိုဖြတ်၍ ရုပ်ရှင်ဇာတ်ကားမှာ လာမည့်သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။

ပင်လယ်ကိုဖြတ်၍ ဇာတ်ကားတွင် ရန်အောင်၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ ချိုပြုံး၊ စိုးမိုးကြည်၊ မိုးပွင့်၊ မိုးဟေမာန်ခင်တို့ ပါဝင်ထားသည်။ ဟိုင်းကြီးကျွန်းဝန်းကျင်မှ ရေလုပ်သားတို့၏ ဘဝကို ဖော်ကျူးဇာတ်အိမ်တည်ထားသဖြင့် ဟိုင်းကြီးကျွန်း ပင်လယ်ကမ်းခြေ၏ သဘာဝအလှကို တဝကြီး ရှုစားကြရမည်ဖြစ်သည်။

မာမီရှိန်းပြဆဲ

ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးပြီး ရန်အောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်တို့ ပါဝင်ထားသည့် **မာမီရှိန်း**ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ၊ နဝဒေး အဆင့်မြင့်ရုံများတွင် ပြသနေဆဲဖြစ်သည်။

2012 အရှိန်ကောင်းဆဲ

သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားရင်း လွတ်မြောက်သွားသော မိသားစုအကြောင်း အခြေခံရိုက်ကူးထားသည့် စိတ်ကူးယဉ် သိပ္ပံဇာတ်ကား **2012**မှာ နေပြည်တော်ရုံ၌ အရှိန်ကောင်းနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

အိန္ဒိယနာမည်ကြီးမင်းသား ရှာရွတ်ခန်နှင့် မင်းသမီး အနုရှုခရှာမာတို့ ပါဝင်ထားသည့် ချစ်သူစုံတွဲအမည်ရ **Rab Ne Bana di Jodi** ဇာတ်ကားမှာ ရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။ အိန္ဒိယ လူငယ်ကြိုက် မင်းသား ဗီဂျေးနှင့် သရီသျှားတို့ ပါဝင်ထားသည့် **Kuruvi** ဇာတ်ကားမှာ မြို့မတန်းမြင့်ရုံတွင် ရုံဝင်လာသည်။ မလေးရှားနိုင်ငံတွင် ရိုက်ကူးထားသော ဇာတ်ဝင်ခန်းများနှင့် အက်ရှင်ကောင်းကောင်းကြိုက်သူတို့ အကြိုက်တွေ့စေမည့် ဇာတ်ကားကောင်း ဖြစ်သည်။ ဘုရင့်ရုံတွင် အမွေဆက်ခံမည့်သူ အမည်ရ Yuvvraaj ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား အနီးလ်ကပူးရ်၊ ဆလ်မန်ခန်း၊ ဇာရက်ခန်းနှင့် မင်းသမီးကက်ရီနာကေးတို့ ပါဝင်ထားသည်။ ဒါရိုက်တာသိန်းဟန်(ဖိုးနစ်) ရိုက်ကူးပြီး ပြေတီဦး၊ ခိုင်သင်းကြည်၊ နဝရတ်တို့ ပါဝင်ထားသော **မစဉ်းစားနဲ့ ချစ်လိုက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီရုံများတွင် ဆက်လက်ပြသဆဲဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မာမီရှိန်းဇာတ်ကားမှ နေတိုး၏ သရုပ်ဆောင်အမူအရာ။

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ကျေးဇူးရှင် **မေမေဒေါ်ခင်သန်းမြင့်**၏ **ဒီဇင်ဘာ ၁၃ရက်**တွင် ပြည့်မြောက်သော **(၈၀)ပြည့် မွေးနေ့မင်္ဂလာ** မှသည် အသက်(၁၂၀)တိုင်အောင် ချစ်သောသားသမီးများ၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပြီး အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ တရားထူး၊ တရားမြတ်များ ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်-

သား၊သမီးများ-

ဦးသိန်းလွင်-ဒေါ်မြင့်မြင့်သိန်း၊
ဦးမောင်မောင်-ဒေါက်တာနီလာသိန်း၊
ဒေါ်စံသာသိန်း၊
ဒေါက်တာအောင်မိုး-ဒေါက်တာလဲ့လဲ့သိန်း၊
ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု။

ချစ်မြေးများ-

ကြေးမုံခင်၊ မင်းသုမောင်၊ ဇော်ထက်နိုင်၊
ကောင်းခန့်ကျော်၊ ခန့်ထွန်းလင်း၊ ဆောင်းဦးလွင်။



ရွှေပြည်နန်းကုမ္ပဏီ၏ နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်သော
အလှကုန်ပစ္စည်းများအတွက် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှ ချီးမြှင့်သော
GLOBAL EXCELLENCE AWARDS (2008)
နှင့်
PEOPLE'S CHOICE AWARDS (2009)
ဆုများကို လက်ခံရရှိခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ရွှေပြည်နန်းမိသားစုမှ အရောင်းကိုယ်စားလှယ်ကြီးများ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးအောင်ကျော်စိုး (2nd Officer-Myanma Ocean Win Services Co. Ltd.,)-
တေးသံရှင် ဒေါ်သန်းသန်းနွယ်တို့၏ တစ်ဦးတည်းသောသား
မောင်ရဲလွင်အောင်
(B.Sc Engineering- Cosmetic Technology)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးဇော်မင်း (ဇော်စတိုး)-ဒေါ်မိမိညိုတို့၏ တစ်ဦးတည်းသောသမီး
မဆုမွန်သက်ဇော်
(B.Sc Engineering-Cosmetic Technology) တို့၏

၁၂-၁၂-၂၀၀၉ရက် (စနေနေ့)တွင် Traders Hotel (Myanmar Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးစောလှိုင်နှင့် ဇနီးဒေါ်ခင်ညိုသင်း (M.D နှင့် Director,လှကမ္ဘာ Co., Ltd. လှကမ္ဘာပရိဘောဂတိုက်)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းငွေနှင့် ဇနီး ဒေါ်ယဉ်မော်အောင် (M.D နှင့် Director , Myanma Ocean Win Services Co., Ltd.)၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆-၁၂-၂၀၀၉ရက်တွင် Sedona Hotel (Executive Club, Level 11)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီးဦးဟန်ရှိန်၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာခင်ကိုလတ် (လှဘုရင်ပရိဘောဂတိုက်)နှင့် ဦးသန်းလွင်(မြို့မဆင်ဖြူတော်)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာတေးသီချင်းများဖြင့် လက်ဖွဲ့သီဆိုဖျော်ဖြေပေးကြသော အနုပညာမောင်နှမများအားလုံးနှင့် မေတ္တာဖြင့်မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာသက်ထားအေး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော Cynthia May Lewis၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယဉ်ငြိမ်းအေးနှင့် မမေမြင့်မိုရ်အောင်၊ သတို့သားအရံ ဖြိုးဝေခိုင်နှင့် Calvin Lewis၊ သတို့သမီးအရံ ဆုမြတ်ဖူးနှင့် နွယ်နွယ်လှိုင်၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော ဦးအောင်ဇေယျ-ဒေါ်တင်သင်းသင်းသန်း (ဗိုလ်ချုပ်ဈေး ရွှေရတီစိန်ရတနာဆိုင်)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မသီရိ(ဆုပိုးထည်)နှင့် မဖြူဖြူ၊ ဆံပင်နှင့်မိတ်ကပ်အလှဖန်တီးပေးသော မိတ်ကပ်စိုးစိုး၊ ကိုမာ၊ Aroma Beauty Spa၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ ကိုရန်းလေးနှင့်အဖွဲ့၊ ဖိတ်စာများပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက်၊ Traders Hotel နှင့် Sedona Hotelမှ တာဝန်ရှိဝန်ထမ်းများအားလုံးနှင့် မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲလွင်အောင်-မဆုမွန်သက်ဇော်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိုးမြင့် (MD,Padaytha Bakery & Restaurant Enterprise)-ဒေါ်ခင်အေးမူ
တို့၏ တစ်ဦးတည်းသောသား
မောင်ဇေယျာစိုး
B.Sc(Physics),Dip in Information Technology
နှင့်
ရန်ကုန်မြို့နေ
ဦးတင်မောင်ဝင်း (Director,W.R.E.U.T Co.,Ltd.)-
ဒေါ်လဲ့လဲ့ဆွေတို့၏ တစ်ဦးတည်းသောသမီး
မအေးမွန်နီနီ
B.A (International Relation),
Dip.in Information Technology

တို့၏ ၆-၁၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် International Business Centre ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာဦးသိန်းစောနှင့် ဇနီး ဒေါ်ခင်စိန်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်အောင်ယဉ်လ်(ငြိမ်း)နှင့် ဇနီးဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှဌေး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်းတေးဂီတ၊ I.B.C ဗဟိုမန်နေဂျာ ဗိုလ်မှူးမောင်ညိမ်း (ငြိမ်း)နှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာစိုး-မအေးမွန်နီနီ။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုး [မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)]သည် ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုကို မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေဘာသာရပ်မှ လီဆူတိုင်းရင်းသားတို့၏ ဘဝလေ့စာအုပ်ဖြင့် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မိမိမြတ်နိုးသော စာပေပညာဖြင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါရန် ဆုမွန်ကောင်းတောင်းလျက်-

ဦးရှိန်းလိန်းအောင်
ခရိုင်ပညာရေးမှူး၊ အရှေ့ပိုင်းခရိုင်
ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဝင်းတင်၏ နိုင်ငံသားစိစစ်ရေးကတ် အမှတ်၆/ထဝန(နိုင်)၀၀၇၆၈၃နှင့် ယာဉ်မောင်းလိုင်စင်တို့ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၆၄၀၃၂၀၊ ၀၉-၈၇၆၂၆၉၆။

ကျေးဇူးဆပ်ပါမည်

APPLE iphone 3GS ဟန်းဖုန်း တစ်လုံး၁၁-၁၂-၂၀၀၉ရက် ညအချိန်တွင် Taxi ပေါ်၌ ကျကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်သင်းသင်းစိုးလွင်
ဖုန်း-၀၁-၃၉၇၇၈၄။



ရန်ကုန် တောင်ပိုင်းခရိုင် ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၄ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

လှိုင်လင်ခရိုင် နမ့်စန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၏ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ၂၆ရက်က မြို့မအထကခွဲကျောင်း၌ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးစာပေပညာရှင်များပူဇော်ပွဲသို့ ကျန်းမာရေးအခြေအနေကြောင့် တက်ရောက်ပူဇော်ခံနိုင်ခြင်းမရှိသော ပဲခူးမြို့မှ ပူဇော်ခံစာပေပညာရှင် ဆရာကြီး ဦးအောင်ဘဏ်(ဥဿာဆရာအို)ထံ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကိုယ်စားပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်) ဒီဇင်ဘာ ၁၀ရက်က ဆရာကြီးနေထိုင်ရာ ပဲခူးမြို့ မင်းလမ်း ဗိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်နေအိမ်သို့ သွားရောက်ပြီး ပူဇော်ငွေကျပ် ၁၅၀၀၀၀နှင့် ပူဇော်ပစ္စည်းများ ပေးအပ်စဉ်။ (ဝ၆ဝ)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက်ရုံး စာကြည့်တိုက် စာနယ်ဇင်းသင်တန်းသားများ ကွင်းဆင်းလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းသင်တန်း အမှတ်စဉ် (၃/၂၀၀၉)မှ သင်တန်းမှူး ဦးမြတ်ခိုင်နှင့် သင်တန်းသားသင်တန်းသူ ၄၅ဦးတို့သည် ဒီဇင်ဘာ၁၁ရက် မွန်းတည့်၁၂နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား) စာကြည့်တိုက်သို့ ကွင်းဆင်းလေ့လာကြသည်။

ရှေးဦးစွာ ခရိုင်ရုံးစာကြည့်တိုက်တွင် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍ ခရိုင်နှင့် မြို့နယ်ရုံးများမှ ရုံးတွင်းစာကြည့်တိုက်လုပ်ငန်းများနှင့် ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကော့သောင်း၌ကျင်းပ၊ ပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်

ကော့သောင်း ဒီဇင်ဘာ ၁၀

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကော့သောင်းမြို့ မဂ္ဂလာသခန်းမ၌ ဒီဇင်ဘာ၁ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံမော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား၍ **(အပေါ်ယာပုံ)** ခရိုင်ဆရာဝန်ကြီးက အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကျန်းမာရေးဗဟုသုတ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ဖျော်ဖြေ

ထို့နောက် ဝေါ့ဗီးရှင်းလူငယ်အဖွဲ့က အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေး အထိမ်းအမှတ် တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေကြသည်။ **(ခရိုင် ပြန်/ဆက်)**

ငွေတာရီ ဝတ္ထုတိုပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၂

မြဝတီစာပေတိုက်ငွေတာရီမဂ္ဂဇင်းက ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ကလောင်သစ်များအတွက် ငွေတာရီမဂ္ဂဇင်း စွန့်စားခန်းဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ကလောင်သစ် စွန့်စားခန်း ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုကို **စွန့်စားခန်း** ဝတ္ထုတိုစာမူကို ရေးသားသူ စောခူအေးကရရှိပြီး ဒုတိယဆုကို **ချီနာထလင်း(မ်)ရုံး သို့မဟုတ် မရဏာသစ်ပင်ကြီး** ဝတ္ထုတိုစာမူကို ရေးသားသူ ခိုင်ယွန်းခင်နှင့် တတိယဆုကို **ဧရာဝတီ၏မနက်ဖြန်များ** ဝတ္ထုတိုစာမူကိုရေးသားသူ ခင်ဦး (ပုတီးကုန်း)တို့က ရရှိကြသည်။

ဆုပေးပွဲ အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက်သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ၄ရက်က ကျင်းပရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်အောင်က ပထမတန်း(ဃ)မှ ပထမဆုရရှိသူ မဖြူနှင်းဝေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

တောင်ငူ (ဂျီတီအိုင်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

တောင်ငူ(ဂျီတီအိုင်)ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက်တွင် မရမ်းကုန်းမြို့နယ် (၈)မိုင် ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများသည် ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀၅၉၉၈၉၊ မခင်မာလာထွန်း ဖုန်း-၀၉-၅၁၆၁၂၃၄၊ ကိုအေးကို ဖုန်း-၀၉-၅၁၃၀၆၁၅၊ ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁၂၂၀၁၆၊ ကိုမြင့်နိုင် ဖုန်း-၅၁၁၄၂၆၂၊ မအေးအေးသိန်း ဖုန်း-၀၉-၅၁၃၈၁၈၇၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉-၅၁၉၅၁၉၄နှင့် ကိုထွန်းမြင့်(နေပြည်တော်)ဖုန်း-၀၆၇-၄၁၄၃၀၄၊ ၀၉-၅၁၉၇၀၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

စံ(၅)ချက်နှင့်ပြည့်စုံသည့် စာကြည့်တိုက်ထူထောင်ရေး ပေါက်တောမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ပေါက်တော ဒီဇင်ဘာ ၇

ပေါက်တောမြို့နယ်တွင် စံ(၅)ချက်နှင့်ပြည့်စုံသည့် ရပ်ကွက်နေစာကြည့်တိုက် ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့်ဝန်ထမ်းများသည် အောက်တိုဘာ ၂၉ရက် နံနက်၈နာရီက အမှတ်(၃)ရပ်ကွက်ရုံး၌ ရပ်ကွက်ပြည်သူများနှင့်တွေ့ဆုံ၍ ဟောပြောဆွေးနွေးသည်။

အရှိန်အဟုန်မြှင့်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က စာကြည့်တိုက်လုပ်ငန်းများကို နိုင်ငံတစ်ဝန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုအခြေအနေများနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ချက်ကို ရှင်းလင်းဆွေးနွေးသည်။ (ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၅ရက်က လှိုင်မြို့နယ် ဒီဇင်ဘာလလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်းနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲကြစဉ်။

(၁၂၈)

အင်္ဂပူ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများ တွေ့ဆုံပွဲနှင့် ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် အင်္ဂပူမြို့ အထက၌ ကျင်းပမည်ဖြစ်သည်။

အင်္ဂပူမြို့ အထကတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို နေပြည်တော်တွင် ဦးထွန်းသိန်း ဖုန်း-၀၆၇-၄၁၁၁၀၇၊ ရန်ကုန်မြို့တွင် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ၆၆၆၃၅၂၊ ဦးဇော်နိုင်ထွန်း ဖုန်း-၀၉-၅၁၄၇၉၆၂၊ ၅၃၇၈၀၉၊ ဦးအောင်မင်း- ဖုန်း-၀၉-၅၅၀၃၁၁၄၊ ၂၉၂၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း ဖုန်း-၀၁-၅၈၀၇၄၄၊ ဒုတိယဗိုလ်မှူးကြီးနေမျိုးဦး ဖုန်း-၀၉-၅၁၉၀၅၁၄၊ ဦးဖိုးထောင် ဖုန်း-၀၉-၅၁၀၀၇၄၄၊ ဒေါက်တာမောင်မောင်ချို ဖုန်း-၀၉-၅၁၃၀၂၀၅၊ အင်္ဂပူမြို့တွင် ဦးမောင်မောင် (မြတ်သုခဆေးဆိုင်) ဖုန်း-၀၄၄-၂၀၀၉၉၊ ဦးအောင်မြတ်ကျော် (အောင်စိုးစံ တေးသံသွင်းဆိုင်) ဖုန်း-၀၄၄-၂၀၁၈၄၊ ဦးရဲဝင်း ဖုန်း-၀၄၄-၂၀၉၉၉နှင့် ကျောင်းအုပ်ဆရာကြီး အင်္ဂပူ အထက ဖုန်း-၀၄၄-၂၀၂၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲသို့ လိုက်ပါဆင်နွှဲလိုကြသူများသည် ဇန်နဝါရီ ၂ရက် (စနေနေ့) နံနက်၉နာရီတွင် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းမှ ဝတလုံး မော်တော်ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

ပေါင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပေါင် ဒီဇင်ဘာ ၁၀

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၄ ရက် ညနေ ၃ နာရီက ပေါင်မြို့မအားကစားကွင်း၌ ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာဘောလုံးအသင်းနှင့် ရင်းငြိမ်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ကျွဲခြံကျေးရွာ ဘောလုံးအသင်းက အချိန်ပိုပယ်နယ်တီ ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အနိုင်ရရှိသွားသော ကျွဲခြံကျေးရွာ ဘောလုံးအသင်းအား ငွေသားဆုနှင့် တံခွန်စိုက် ဆုဖလားပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** ဆက်လက်၍ တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ နေရာလိုက် အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံး ဂိုးသမားဆုတို့ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၇၆)**

မိုင်းငေါ့မြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မိုင်းငေါ့ ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းငေါ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ၂၈ရက် နံနက်၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာဖတ်ဝိုင်းကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်နီလာစိုးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးများကို တစ်ဦးချင်းဖတ်ကြားကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ထာဝရငွေပဒေသာပင်အတွက်လှူဒါန်း

ဖျာပုံ ဒီဇင်ဘာ ၁၀

ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်း၂လမ်း အမှတ်၇ရှိ Great Light Education Centre ဘော်ဒါမှ ဆရာမ ဒေါ်စုစုထွေး ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၀ တို့သည် ဒီဇင်ဘာ၁ရက်က လေ့လာရေးခရီး ရောက်ရှိလာပြီး စာကြည့်တိုက်ထာဝရငွေပဒေသာပင်၌ ငွေကျပ်တစ်သိန်းတန် ပဒေသာပင်တစ်ပင် စိုက်ထူလှူဒါန်းခဲ့ရာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးမြင့်အောင် (ဖိုးအောင်လေး)က လက်ခံယူသည်။ ***(အပေါ်ပုံ)***

စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက ဖျာပုံမြို့တွင် စာကြည့်တိုက်မှူး ဖုန်း-၀၄၅-၄၀၉၉၇နှင့် ရန်ကုန်မြို့တွင် ရူဝံစာအုပ်တိုက် ဖုန်း-၀၁-၃၈၅၅၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(၁၃၈)***

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မရမ်းကုန်းမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်မြင့်မြင့်စိန် **နှင့်** ကိုဇော်

တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊အမှတ်(၄၃၃) နေ(ယခုနေရပ်လိပ်စာမသိသူ)ကိုဇော်သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဆန်ဖိုးငွေကျပ် ၁၀ သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (၁၃၇၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်နွဲ့သီ (တ/၂၇၉၄)

ဒုတိယမြို့နယ်တရားသူကြီး(၂)၊ မရမ်းကုန်းမြို့နယ်တရားရုံး။

ကံမြင့်ကျောင်းတိုက် အောင်ဆန်းဆရာတော် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းဓမ္မာရုံကြီးတွင် ၁၅-၁၂-၂၀၀၉ ရက်မှ ၂၄-၁၂-၂၀၀၉ ရက်အထိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ နာယက အောင်ဆန်းမြို့ စဥ့်ကူးရပ် အောင်ဆန်းတောရတပ်ဦးကျောင်း ပဓာနနာယကဆရာတော် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)သည် ညစဉ် ၇နာရီအချိန်တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားစခန်းပွဲကျင်းပမည်ဖြစ်ပါ၍ တရားနာယူပွားများ အားထုတ်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကံမြင့်ဝေယျာဝစ္စအဖွဲ့။

တစ်ဦးတည်းဖြစ်ကြောင်း

မင်းတုန်းမြို့နေ အဖ ဦးငှက်ကျား၏သား ဦးဝင်းနိုင် ၈/မတန(နိုင်) ဝဝ၄၅၈၁ နှင့် ဦးတင်ထွန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်(ခ)ဦးတင်ထွန်း။

မိဘအမည်မှန်

လားရှိုးမြို့ အထက(၆)အဋ္ဌမတန်း(ဃ)မှ မခင်ကြူသင်း၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဝင်း ၇/မညန(နိုင်)ဝ၃၁၆၂၇နှင့် ဒေါ်ငြိမ်းငြိမ်းဦး ၁၃/လရန(နိုင်)ဝ၁၈၅၂၄တို့ ဖြစ်ပါသည်။

၁။ စက်မှု(၁)မောင်မြန်မာစက်ဘီးပြိုင်ပွဲအား ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၃ ရက်တွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်ပါမည်။

၂။ မောင်မြန်မာစက်ဘီး ကျားစီးပြိုင်ပွဲ၊ မောင်မြန်မာစက်ဘီး မစီးပြိုင်ပွဲ၊ ပြိုင်ပွဲနှစ်ရပ် တစ်ပြိုင်တည်းပြုလုပ်ပါမည်။

၃။ စက်မှု(၁)မှ ထုတ်လုပ်သော မောင်မြန်မာစက်ဘီးများနှင့်သာ ပြိုင်ပွဲဝင်ရမည်ဖြစ်ပါသည်။

၄။ ၄-၁၂-၂၀၀၉ရက်မှစ၍ စက်မှု(၁)အရောင်းဆိုင်များမှ ဝယ်ယူသောပြေစာကိုပြ၍ စာရင်းပေးသွင်း၍ ပြိုင်ပွဲဝင်ရမည်ဖြစ်ပါသည်။

မောင်မြန်မာ ကျားစီးစက်ဘီးပြိုင်ပွဲ

၅။ စဥ့်ကိုင် Toll ဂိတ်မှ စတင်တာထွက်၍ မန္တလေးကျုံးမြို့ရိုးတစ်ပတ်ပတ်ပြီး မင်္ဂလာတံတားထိပ်တွင် ရန်ကုန်-မန္တလေး လမ်းအတိုင်းစီးနင်းပြီး ပန်းဝင်ပါမည်။

မောင်မြန်မာ မစီးစက်ဘီးပြိုင်ပွဲ

၆။ မြစ်ငယ်တံတားမှ စတင်တာထွက်၍ မန္တလေးကျုံးမြို့ရိုးတစ်ပတ်ပတ်ပြီး မင်္ဂလာတံတားထိပ်တွင် ရန်ကုန်-မန္တလေးလမ်း အတိုင်းစီးနင်းပြီး ပန်းဝင်ပါမည်။

၇။ **ဆုချီးမြှင့်ခြင်း**

		ဆုငွေ			ဆုငွေ
(က)	ပထမ	၅၀၀၀၀၀/-	(စ)	ဆဋ္ဌမ	၁၅၀၀၀၀/-
(ခ)	ဒုတိယ	၃၀၀၀၀၀/-	(ဆ)	သတ္တမ	၁၂၅၀၀၀/-
(ဂ)	တတိယ	၂၅၀၀၀၀/-	(ဇ)	အဋ္ဌမ	၁၀၀၀၀၀/-
(ဃ)	စတုတ္ထ	၂၀၀၀၀၀/-	(ဈ)	နဝမ	၈၀၀၀၀/-
(င)	ပဉ္စမ	၁၇၅၀၀၀/-	(ည)	ဒသမ	၇၀၀၀၀/-

ဖွဲ့ဆု-နံပါတ်(၁၁)မှ နံပါတ်(၂၀)အထိ ပန်းဝင်သူ (၁၀)ဦးအား တစ်ဦးလျှင် ဆုငွေကျပ် ၅၀၀၀၀ ချီးမြှင့်ပါမည်။

၈။ ပြိုင်ပွဲဝင်စည်းကမ်းနှင့် သိလိုသောအချက်များအား အောက်ပါဌာနများတွင် အသေးစိတ်စုံစမ်း မေးမြန်းနိုင်ပါသည်။

(က) မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး (စက်ဘီးပြိုင်ပွဲကျင်းပရေးကော်မတီရုံးခွဲ) ဖုန်း-၀၂-၆၈၉၂၂၊ ၀၂-၆၈၉၁၁၊ ၀၂-၇၃၂၄၄၊ ၀၂-၆၀၄၀၃၊

(ခ) စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖုန်း-၀၆၆-၅၀၅၃၆၊ ၀၆၆-၅၀၆၀၉။

၉။ မောင်မြန်မာစက်ဘီးပြိုင်ပွဲဝင်ရန်အတွက် ပြိုင်ပွဲဝင်စာရင်းများကို အောက်ပါဌာနများသို့ ၃၁-၁၂-၂၀၀၉ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ ၎င်းနေရာများတွင် စက်ဘီးများဝယ်ယူနိုင်ပါသည်-

(က)	မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး	ဖုန်း-၀၂-၆၈၉၂၂၊ ၀၂-၆၈၉၁၁၊ ၀၂-၇၃၂၄၄၊ ၀၂-၆၀၄၀၃။
(ခ)	မန္တလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး	ဖုန်း-၀၂-၃၉၅၉၅၊
(ဂ)	မန္တလေးတိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနရုံး	ဖုန်း-၀၂-၃၃၆၁၉၊
(ဃ)	ကျောက်ဆည်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး	ဖုန်း-၀၆၆-၅၀၃၅၉၊
(င)	ကျောက်ဆည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး	ဖုန်း-၀၆၆-၅၀၇၃၈၊
(စ)	စဥ့်ကိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး	ဖုန်း-၀၆၆-၄၀၀၁၁၊
(ဆ)	စက်ဘီးစက်ရုံ(ကျောက်ဆည်)	ဖုန်း-၀၆၆-၅၀၅၃၆၊ ၀၆၆-၅၀၆၀၉။

အထက ဓမ္မိ
ကျောင်းသား ကျောင်းသူဟောင်းများ၏
(၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထက ဓမ္မိ၌ ပညာသင်ပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက အောက်ပါ ပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးတင်ဦး (ကျောင်းအုပ်ကြီး အထက ဓမ္မိ)

ဦးကျော်ဟိန်း (ပြည်တော်သာလမ်း ဓမ္မိ)

ဒေါ်အေးအေးဦး (အထက ဓမ္မိ) ဖုန်း-၀၉-၈၅၈၀၄၉၁။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ**အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပလက်ဖောင်းများ ဆေးသုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကလေးသူငယ်အခွင့်အရေးများနေ့ ဟောပြောပွဲ
ကျောက်ပန်းတောင်းမြို့၌ ကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂

ကျောက်ပန်းတောင်းမြို့၌ မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီနှင့် Save the Children အဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့ကလေးများနေ့နှင့် ကလေးသူငယ်အခွင့်အရေးများနေ့ ဟောပြောပွဲနှင့် ပြပွဲကို နိုဝင်ဘာ ၂၁ရက် နံနက် ၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး Save the Children အဖွဲ့မှ စီမံချက်အရာရှိ ဦးအေးလှိုင်က Save the Children နှင့် ကလေးအခွင့်အရေးများအကြောင်း၊ စီမံချက်အရာရှိ ဒေါ်နန်းခမ်းယုံက Child Survival Day အကြောင်း၊ ဒုတိယမြို့နယ် ဥပဒေအရာရှိဦးစည်သူဆွေထွန်းက ကလေးဥပဒေများအကြောင်းနှင့် အခွန်ဦးစီးအရာရှိ ဦးဌေးဝင်းက စိတ်ဓာတ်ခွန်အားမြင့်တင်မှုဆိုင်ရာများအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ချီးမြှင့်

ယင်းနောက် စီမံချက်ကျေးရွာများမှ ကလေးသူငယ်များက တစ်ခန်းရပ်ပြဇာတ်များ၊ တစ်ခန်းရပ်အားကစားအစီအစဉ်များဖြင့် စီစဉ်တင်ဆက်ကြပြီး အထိမ်းအမှတ်ပန်းချီပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးမိဈေးဖအဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၁၃ရက်က ပဲခူးမြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များ၊ ဈေးပတ်ဝန်းကျင်ရှိ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော စားသောက်ကုန်များတွင် အန္တရာယ်ရှိစေနိုင်သော ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိ စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်မိုးကုတ်လမ်းဘေးဝဲယာရှိ မြေယာရှုခင်းအလှ ပြုပြင်ထားသော ပန်းအလှပင်များအတွင်းရှိ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၂ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရေတာရှည်၌ ရှေးဦးသူနာပြုသင်တန်းဖွင့်

ရေတာရှည် ဒီဇင်ဘာ ၅

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးသော ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်း(၂/၂၀၀၉)ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ရက် နံနက်က ထန်းကုန်း (ခွဲ)အလက၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးကိုယ်စား အလက (ရွှေကြက်ယက်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေရီ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တပ်ရင်းမှူး ဒုတိယရဲမှူးတင့်ဆွေ၊ ထန်းကုန်းအလက ကျောင်းအုပ်ကြီး ဦးခင်မောင်ဦး၊ နယ်မြေခံအမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ထားထားလွင်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဒုတိယတပ်ရင်းမှူး ဦးအောင်မြင်တို့က အမှာစကားများ ပြောကြားကြသည်။

လက်တွေ့ပို့ချ

အဆိုပါသင်တန်းတွင် သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပြီး သင်တန်းတွင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ ပို့ချပေးသည်။

(မြို့နယ်ကြက်ခြေနီ)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၂) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၂

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၂) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် ညနေ ၅နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❐

ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၂) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

13-12 (20).pmd 1 12/13/2009, 2:41 PM